
မန္တလေးတိုင်း
ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်
ကူမဲမြို့ အရှေ့တောင်ဘက်ရှိ

# ပြုက္ခရွှေတောင်တော်
နှင့်
# စွယ်တော်ရှင်စေတီတော်
## သမိုင်း

ဦးပညာဝံသ (B.A)
(မောနားကျောင်း)

Generated by CamScanner from intsig.com



ပြက္ခရွှေစွယ်တော်ရှင် စေတီတော်

Generated by CamScanner from intsig.com



ပြက္ခရွှေစွယ်တော်ရှင် စေတီတော် မုခ်ဦး

Generated by CamScanner from intsig.com



ပြကွ္ခရွှေစွယ်တော်ရှင် အရံစေတီတော် များ

Generated by CamScanner from intsig.com



ပြကွ္ခရွေစွယ်တော်ရှင် စေတီတော် ရင်ပြင်ရှိ ရှင်အရဟံသိမ်

Generated by CamScanner from intsig.com

# "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

## စွယ်တော်လေးဆူ ဘုရားရှိခိုး

တာဝတိံသေ ဧကောဒါဌာ၊ ဧကော ဘုဇဂပူရကေ။
ဂန္ဓာရေ ဒန္တပူရမှိ၊ တာပိ ဝန္ဒာမိ ဓာတုယော။

| | |
|---|---|
| ဧကောဒါဌာ | – အထက်လက်ယာ စွယ်တော်ဓါတ်တစ်ဆူသည် |
| တာဝတိံသေ | – တာဝတိံသာနတ်ပြည်၌ |
| တိဋ္ဌတိ | – တည်နေကိန်းဝပ်တော်မူ၏။ |
| ဧကောဒါဌာ | –အောက်လက်ယာ စွယ်တော်ဓါတ်တစ်ဆူသည်၊ |
| ဘုဇဂပူရကေ | – နဂါးပြည်၌၊ |
| တိဋ္ဌတိ | – တည်နေ ကိန်းဝပ်တော်မူ၏။ |
| ဧကောဒါဌာ | – အထက်လက်ဝဲ စွယ်တော်ဓါတ်တစ်ဆူသည်၊ |
| ဂန္ဓာရေ | – ဂန္ဓာရတိုင်း၌ |
| တိဋ္ဌတိ | –တည်နေ ကိန်းဝပ်တော်မူ၏။ |
| ဧကောဒါဌာ | – အောက်လက်ဝဲ စွယ်တော်ဓါတ်တစ်ဆူသည်၊ |
| ဒန္တပူရမှိ | – ကလိင်္ဂတိုင်း ဒန္တပူရပြည်၌၊ |
| တိဋ္ဌတိ | – တည်နေ ကိန်းဝပ်တော်မူ၏။ |
| တာပိဓာတုယော | – ထိုတိုင်းပြည် နိုင်ငံဒေသဌာနတို့၌ တည်နေကိန်းဝပ်တော်မူသော စွယ်တော်လေးဆူတို့ကို၊ |
| အဟံ | – အကျွန်ုပ်သည်။ |
| ဝန္ဒာမိ | – ဦးခေါင်းညွတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။ |

## သမဒ္ဒန္တတာ၊ သုသုက္ကဒါဌတာ၊ လက္ခဏာတော်(၂)ပါး ဘုရားရှိခိုး

မိစ္ဆာဇီဝ ဝိရတိယာ၊ သမဒန္တော တထာဂတော။
ဟောတိ သုသုက္ကဒါဌောစ၊ ဝိသုဒ္ဓပရိသော နမေ။

| | |
|---|---|
| ယောတထာဂတော | – အကြင်မြတ်စွာဘုရားသည်၊ |
| ပုရေ | – ဘဝများစွာ ဟိုရှေးအခါ၌၊ |
| မိစ္ဆာဇီဝဝိရတိယာ | – ကိုယ်နှုတ်ဖောက်ပြား၊ ဒုစရိုက်များဖြင့်၊ မှားမှား ယွင်းယွင်း၊ အသက်မွေးခြင်းတို့မှ ရှောင်တော်မူခဲ့ခြင်းကြောင့်။ |
| သမဒန္တောစ | – ဝရဇိန်များ၊ စီ၍ထားသို့၊ ထက်ဖျားစီရရီ၊ ညီသော သွားတော် ရှိသည်လည်းကောင်း၊ |
| သုသုက္ကဒါဌောစ | – သောကြာကြယ်ဝန်း၊ ထွန်းသည့်အသွင်၊ အလွန် ဖြူစင်သော စွယ်တော်ရှိသည်လည်းကောင်း၊ |
| ဝိသုဒ္ဓပရိသောစ | – စင်ကြယ်သပ်ယပ်၊ လွန်စွာမြတ်သည့်၊ ပရိသတ် အခြံအရံရှိသည် လည်းကောင်း၊ |
| ဟောတိ | – အကြောင်းအလိုက်၊ အကျိုးဆိုက်၍၊ သိုက်မြိုက် ထင်ပေါ်၊ ဖြစ်ထွန်းတော်မူ၏။ |
| တံတထာဂတံ | – သမဒန္တတာ၊ သုသုက္ကဒါဌတာ၊ လက္ခဏာတော် နှစ်ပါးနှင့် ပြည့်စုံတော်မူသောထိုမြတ်စွာဘုရားကို၊ |
| အဟံ | – အကျွန်ုပ်သည်။ |
| နမေနမာမိ | – ယုံကြည်မြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ ပါ၏ဘုရား။ |



## စွယ်တော်လက္ခဏာ ဘုရားရှိခိုး

ကြီးငယ်တောင်းလျှင်၊ ချိန်ခွင်တိုရှည်၊ လိမ်လည်လုယက်၊ ခိုးနှိပ်စက်၍၊ အသက်မွေးခြင်း၊ ကင်းခဲ့သောကြောင့်၊ မခေါမသီ၊ စိန်ကိုစီသို့၊ ပြေညီသွားတော်၊ စွယ်တော်လေးဆူ၊ ဆွတ်ဆွတ်ဖြူသား၊ ကိုယ်တော်သွား၏၊ နှစ်ပါးခြင်းရာ၊ လက္ခဏာဖြင့်၊ ယုတ်မာကောက်ကျစ်၊ ဆိုးညစ်သောသူ၊ မပါမူ၍၊ ဖြောင့်ဖြူသပ္ပါယ်၊ လဲ့ကြယ်သို့၊ အခြံအရံရှိတော်မူပါသော မြတ်စွာဘုရား မြတ်စွာဘုရား။

ထိုမြတ်စွာဘုရားအား ဦးညွှတ်ရိုကျိုးရှိခိုးပါ၏ အရှင်ဘုရား။

## နောက်ဆုံးဆယ်လမြတ်ဗုဒ္ဓ

ဂေါတမ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးအချိန်မှစ၍၊ သတ္တဝါတို့အား မျက်မှောက်လောက ဤဘဝ၌ ချမ်းသာသုခတို့ကို ခံစားနိုင်သော ဒိဋ္ဌဓမ္မိကအကျိုး၊ တမလွန်လောက နောက်ဘဝ၌ ချမ်းသာသုခတို့ကို ခံစားနိုင်သော သမ္ပရာယိက အကျိုး၊ မဂ်,ဖိုလ်,နိဗ္ဗာန် ချမ်းသာကို ခံစားနိုင်သော ပရမအကျိုး၊ သုံးပါးတို့ကို ရရှိစေနိုင်သော၊ ဗုဒ္ဓကိစ္စ လုပ်ငန်းရပ်တို့ကို(၄၅)နှစ် ကာလပတ်လုံး ဆောင်ရွက်တော်မူခဲ့လေသည်။

ပထမဗောဓိ ရှေ့ပိုင်းဝါတော်(၂၀)ကို ထိုထိုမြို့ရွာတို့၌ ဝါကပ်သီတင်းသုံး တော်မူကာ ဝေနေယျသတ္တဝါတို့အား တရားရေအေး၊ အမြိုက်ဆေးကို တိုက်ကျွေးတော်မူခဲ့ပြီး၊ ပစ္ဆိမဗောဓိ နောက်ပိုင်းဝါတော် (၂၄)ဝါကို ကောသလနိုင်ငံ သာဝတ္ထိမြို့ဇေတဝန်ကျောင်းနှင့် ပုဗ္ဗာရုံကျောင်းတော်၌ သီတင်းသုံးတော်မူခဲ့လေ သည်။

ဝါတော်(၄၄)ဝါ ရတော်မူပြီးသောအခါ သာဝတ္ထိမြို့၊ မဂဓနိုင်ငံ၊ ရာဇဂြိုဟ်မြို့အမ္ဗလဋ္ဌိကာသရက်ဥယျာဉ်၊ နာဠန္ဒာမြို့ ပါဋလိဂါမ၊ ယင်းမှ

Generated by CamScanner from intsig.com

ဂင်္ဂါမြစ်ကို ရဟန်းအပေါင်းနှင့်တကွ၊ ကောင်းကင်ခရီးဖြင့် ကူးတော်မူပြီး၊ ကောဋိရွာ၊ နာတိကရွာ၊ အုဋ္ဌကျောင်းတော်ကြီး၊ ဝေသာလီမြို့တော်တို့သို့ အစဉ်အတိုင်း ကြွတော်မူ၍ အမ္ဗပါလီသရက်ဥယျာဉ်ကို အလှူခံတော်မူလေသည်။ ထိုမှ ဝေဠုဝရွာသို့ ကြွတော်မူပြီး ဝေဠုဝရွာ၌ နောက်ဆုံး ဝါကပ်တော်မူသည်။

ဝါကျွတ်တော်မူသည့်အခါ သာဝတ္ထိမြို့တော်သို့ ကြွတော်မူသည်။ ထိုမှ ရာဇဂြိုဟ်မြို့၊ ဥက္ကာစေဠမြို့၊ ဝေသာလီမြို့တို့သို့ အစဉ်အတိုင်း ကြွတော်မူပါသည်။ ဘုရားရှင်သည် ဝေသာလီမြို့ စာပါလစေတီ၌ နေ့သန့်တော်မူစဉ် မာရ်နတ်၏ လျှောက်ထားချက်အရ သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်တော်မူလျက် အာယုသင်္ခါရ လွှတ်တော်မူလေသည်။

ဘုရားရှင်သည် ဝေသာလီမြို့တော်မှ ဘဏ္ဍုရွာ၊ ဟတ္ထိရွာ၊ အမ္ဗုရွာ၊ ဘောဂမြို့ အာနန္ဒာစေတီတို့သို့ အစဉ်အတိုင်း ကြွတော်မူလေသည်။ ဘောဂမြို့မှ ပါဝါမြို့ စုန္ဒ၏ သရက်ဥယျာဉ်ကျောင်းသို့ ကြွတော်မူပြီး နောက်တစ်နေ့၌ ကျောင်းဒါယကာ စုန္ဒရွှေပန်းတိမ်သည် ဆက်ကပ်အပ်သော ဆွမ်းကို နောက်ဆုံးဘုဉ်းပေတော်မူခဲ့သည်။

## ချမ်းမြေ့နိဗ္ဗူစံတော်မူ

ပါဝါမြို့မှ သုံးဂါဝုတ်(၉)မိုင်ဝေးသော ကုသိနာရုံမြို့သို့ ကြွတော်မူရာ ခရီးအကြား၌ ကကုဓာမြစ်၌ ရေချိုးတော်မူပြီး၊ ဟိရညဝတီမြစ်တဘက်ကမ်းရှိ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်သို့ ကြွတော်မူလေသည်။ ပါဝါနှင့်ကုသိနာရုံအကြား(၂၅)ကြိမ်မျှနား၍ကြွတော်မူရသည်။

အင်ကြင်းဥယျာဉ်တော်အတွင်းရှိ အင်ကြင်းပင်ပျိုနှစ်ပင်တို့၏



အကြား၌ မြောက်ဘက်သို့ ဦးခေါင်းပြုလျက် ညောင်စောင်းကို ခင်းစေတော်မူပြီး လျောင်းစက်တော်မူကာ နတ်တို့၏ ပူဇော်မှုများကို ခံယူတော်မူ၍ ရဟန်းတို့အား မဟာသုဒဿနသုတ္တန် အစရှိသော တရားတော်များကို ဟောတော်မူလေသည်။

ပစ္ဆိမ သာဝကဖြစ်သော သုဘဒ္ဒ ပရိဗိုဇ်ကို ရဟန်းပြုစေပြီး ပဋိသမ္ဘိဒါပတ္တ ရဟန္တာအဖြစ်သို့ ရောက်စေတော်မူခဲ့လေသည်။ ရဟန်းတော်များအား"ဟန္ဒ ဒါနိ ဘိက္ခဝေ" အစရှိသော ပစ္ဆိမ ဗုဒ္ဓဝစနကို မိန့်တော်မူပြီး မဟာသက္ကရာဇ်(၁၄၈)ခုနှစ်၊ ကဆုန်လပြည့် အင်္ဂါနေ့ လင်းအားကြီး အချိန်တွင် ပရိနိဗ္ဗာန ညောင်စောင်းတော်ထက်၌ အနုပါဒိသေသ ပရိနိဗ္ဗာန် ဝင်စံချုပ်ငြိမ်း၍ ခန္ဓာဇာတ် သိမ်းတော်မူလေသည်။

## ရုပ်ကလာပ်တော် မီးပူဇော်

မလ္လနိုင်ငံ ကုသိနာရုံမြို့တော်၏ အနောက်တောင်ထောင့်ရှိ အင်ကြင်း ဥယျာဉ်တော်၌ ဘုရားရှင်တို့၏အလောင်းတော်မြတ်ကို နတ်တို့နှင့် မလ္လမင်းတို့သည် နတ်လူတို့၏ ကခြင်း၊ သီဆိုတီးမှုတ်ခြင်း၊ ပန်းနံ့သာတို့ဖြင့် ပူဇော်ခြင်း အစရှိသည်တို့ဖြင့် (၆)ရက်တိုင်တိုင် အရိုအသေ အလေးအမြတ်ပြု၍ ပူဇော်ကြလေသည်။

(၇)ရက်မြောက်နေ့ဝယ် မြို့တော်အပြင် မြောက်ဘက်လမ်းဖြင့်၊ မြို့တော်၏ မြောက်ဘက်အရပ်သို့ ဥတုဇရုပ်ကလာပ်တော်ကို ပင့်ဆောင်ကြပြီး မြောက်ဘက်တံခါးမှ မြို့တွင်းသို့ သွင်းလျှက် မြို့လယ်လမ်းအတိုင်း ခမ်းနားစွာ ပင့်ဆောင်ကြလေကုန်၏။ မြို့လယ်ရောက်သည့်အခါ ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ လှူဒါန်းအပ်သော မဟာလတာတန်ဆာနှင့် တကွ ဘုရားမြတ်စွာ၏ ဥတုဇရုပ်ကလာပ်တော်ကို ချီမကြ၍ အရှင်အာနန္ဒာ

၏ မိန့်ကြားချက်အတိုင်း စီမံကြပြီး၊ အတောင်(၁၂၀)ရှိသော စန္ဒကူးနံ့သာ ထင်းပုံထက်၌ မြတ်စွာဘုရား၏ ရုပ်ကလာပ်တော်ကို တင်ထားကြလေသည်။

အရှင်မဟာကဿပမထေရ်သည် တပည့်ရဟန်းပရိတ်သတ် (၅၀၀) နှင့်တကွ ကြွရောက်၍ ဘုရားရှင်၏ ခြေတော်အစုံကို ရှိခိုးပြီးသည့်အခါ၊ လူသားတစ်ဦးတစ်ယောက်မျှ မီးမရှို့ရဘဲ၊ နတ်တို့၏ အာနုဘော်ကြောင့် ထက်ဝန်းကျင်မှ တပြိုင်နက်တည်း မီးတောက်လောင်လေတော့၏။ ယင်းကိုပင် တေဇောဓါတ်မီးလောင်ကျွမ်းသည်ဟုဆိုသည်။ တေဇောဓါတ် မီးလောင်ကျွမ်းသော မြတ်စွာဘုရား၏ ဥတုဇရုပ်ကလာပ်တော်မှအရေပါး၊ အရေထူ၊ အသား၊ အကြော၊ အစေးတို့သည် ပြာများ၊ မှိုင်းများမထင်မရှိဘဲ သရီရဓါတ်တော်တို့သည်သာလျှင် ကြွင်းကျန်ရစ်ကုန်၏။

## ကြွင်းကျန်ရစ်ခြင်း ဓါတ်တော်များ

သက်တော်ရှည် ဘုရားရှင်တို့၏ သရီရဓါတ်တော်တို့သည် ဖရိုဖရဲ တစ်ဆူစီမကွဲဘဲ ရွှေတုံးရွှေခဲကြီးပမာ တစ်ဆူတည်းသာ ကြွင်းကျန်ရစ်ကုန်၏။ အကျွန်ုပ်တို့၏ အစိန္တေယျ သုံးလောကထွဋ်ထား မြတ်စွာဘုရားသည်ကား သက်တော်တိုတောင်းသော မြတ်စွာဘုရား ဖြစ်တော်မူသည့်အတွက် ပရိနိဗ္ဗာန် စံတော်မမူမီကပင် "ငါဘုရားသည် မကြာမြင့်မီ ပရိနိဗ္ဗာန် စံရမည်ဖြစ်သည်၊ ငါဘုရား၏ သာသနာသည် အလုံးစုံသော အရပ်မျက်နှာတို့သို့ မပြန့်နှံ့သေးချေ။ သို့ဖြစ်ရကား ငါဘုရားပင် ပရိနိဗ္ဗာန်စံယူလင့်ကစား၊ ငါဘုရား၏ မုန်ညင်းစေ့ခန့်မျှသော ဓါတ်တော်ကိုပင် ပင့်ဆောင်ကြကာ မိမိတို့၏နေရာ၌ စေတီတည်ထား၍ လူအပေါင်းတို့သည် နတ်ရွာသုဂတိသို့ လာရောက်ကြစေသတည်း" ဟု ရည်ရွယ်တော်မူကာ သရီရဓါတ်တော်များ အဆူဆူကွဲပြားရန် အဓိဋ္ဌာန်တော်မူခဲ့သည်။



ဤ၌ အစိတ်စိတ်မကွဲပြားသော အဝိပ္ပကိဏ္ဏဓါတ်တော်နှင့် အစိတ်စိတ်အဆူဆူ ကွဲပြားသော ဝိပ္ပကိဏ္ဏဓါတ်တော် ဟူ၍ (၂)မျိုး ကွဲပြားလေသည်။

ထို(၂)မျိုးတို့တွင်

(၁) နဖူးသင်းကျစ်တော်
(၂) လက်ယာညှပ်ရိုးတော်
(၃) လက်ဝဲညှပ်ရိုးတော်
(၄) အထက်လက်ယာစွယ်တော်
(၅) အောက်လက်ယာစွယ်တော်
(၆) အထက်လက်ဝဲစွယ်တော်
(၇) အောက်လက်ဝဲစွယ်တော်

ဤ(၇)ဆူသော ဓါတ်တော်တို့မှာ သက်တော်ရှိစဉ် မူလပုံသဏ္ဌာန်အတိုင်း အစိတ်စိတ်မကွဲပြားဘဲ တည်ရှိရစ်လေသည်။ ထိုဓါတ်တော်များကို အဝိပ္ပကိဏ္ဏဓါတ်တော်ဟုခေါ်လေသည်။

ထိုမှ ကြွင်းသောဓါတ်တော်များမှာ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အရိုးဟူ၍ သက်တော်ရှိစဉ် မူလပုံသဏ္ဌာန်အတိုင်းမရှိကြဘဲ၊ အစိတ်စိတ် အဆူဆူကွဲပြားသွားကာ သရီရဓါတ်တော်များ ကြွင်းကျန်ရစ်လေသည်။ ထိုဓါတ်တော်များကိုကား ဝိပ္ပကိဏ္ဏဓါတ်တော်ဟု ခေါ်လေသည်။

အစိတ်စိတ် အဆူဆူကွဲပြားသွားသော သရီရဓါတ်တော်များမှာ အချင့်အတွက် ပမာဏအားဖြင့် (၁၆)ပြည်သားခန့်ရှိလေသည်။

ထိုဓါတ်တော်အနက်မှ အကြီးဆုံးသော ဓါတ်တော်များမှာ ပဲနောက်စေ့ခန့် ပမာဏရှိ၍ ရွှေအဆင်းနှင့် အဆင်းတူကြလျက် အချင့်ပမာဏအားဖြင်း (၅)ပြည်သားခန့် ကြွင်းကျန်ရစ်လေသည်။

အလတ်စားဓါတ်တော်များမှာ ဆန်ကျိုးစေ့ခန့်ပမာဏရှိ၍၊ ပုလဲအဆင်းနှင့် အဆင်းတူကြလျှက် အချင့်ပမာဏအားဖြင့် (၅)ပြည်သားခန့် ကြွင်းကျန်ရစ်လေသည်။

အငယ်ဆုံးဓါတ်တော်များမှာ မုံညင်းစေ့ခန့်ပမာဏရှိ၍ မြတ်လေးငုံနှင့် အဆင်းတူကြလျက် အချင့်ပမာဏအားဖြင့် (၆)ပြည်သားခန့် ကြွင်းကျန်ရစ်လေသည်။

## ပင့်ဆောင်ပူဇော် ဗုဒ္ဓဓါတ်တော်

မလ္လမင်းတို့သည် သရီရဓါတ်တော်များပါရှိသည့် ရွှေခေါင်းကို မင်္ဂလာဆင်တော်ပေါ်တွင် တင်ပြီး ဥတုဇရုပ်ကလာပ်တော် မီးသဂြိုဟ်ရာဌာနဖြစ်သော မြို့၏အရှေ့ဘက် မကုဋဗန္ဓနစေတီမှ ကုသိနာရုံမြို့လယ်၌ရှိသော မင်းကွန်းသို့ ပင့်ဆောင်ခဲ့ကြ၍ ရတနာခုနှစ်ပါး ဖြင့်ပြီးသော ပလ္လင်ပျံ့၌တင်ထားကြပြီးလျှင် အထက်၌ ထီးဖြူတော်ကို အုပ်မိုး၍ ထားကြလေသည်။

ထို့နောက် မလ္လမင်းတို့သည် သရီရဓါတ်တော်များထားရှိရာ မင်းကွန်းဗိုလ်တဲ လုံခြုံရေးအတွက် ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျှင်တပ်၊ လေးသည်တော်တပ်၊ လှံတပ်များကို အထပ်ထပ် ဝန်းရံထားလျှက် (၇)ရက်ပတ် လုံး ပူဇော်ဖွယ်အမျိုးမျိုးတို့ဖြင့် သူတော် ကောင်းတို့၏ မြူးထူးပျော်ရွှင်မှု သာဓုကီဠနံ ရှာပနသဘင်ကို ကြီးကျယ်စွာ ဆင်ယင်ကျင်းပကြလေသည်။

မလ္လမင်းတို့ သာဓုကီဠနသဘင် ဆင်ယင်ကျင်းပနေကြစဉ်-

(၁) မဂဓတိုင်းရှင်ဘုရင် အဇာတသတ်မင်းသည် လည်းကောင်း၊

(၂) ဝေသာလီပြည်သား လိစ္ဆဝီမင်းများသည်လည်းကောင်း၊

(၃) ကပိလဝတ်ပြည်သား သာကီဝင်မင်းများသည်လည်းကောင်း၊



(၄) အလ္လကပ္ပပြည်သား ကဗုလိမင်းများသည်လည်းကောင်း၊

(၅) ရာမဂ္ဂါသား ကောဠိယမင်းများသည်လည်းကောင်း၊

(၆) ဝေဌဒီပတိုင်သား ဗြဟ္မဏမင်းများသည်လည်းကောင်း၊

(၇) ပါဝါပြည်သား မလ္လမင်းများသည်လည်းကောင်း၊

ဤ(၇)ပြည်ထောင်သောမင်းတို့သည် "ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓါတ်တော်များကို တစ်စုတစ်ပုံ ရထိုက်၏။ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓါတ်တော်များကို စေတီပုထိုးတည်ထားပူဇော်အံ့" ဟု သံတမန်များစေလွှတ်ကာ သဝဏ်လွှာ ပါးလိုက်ကြ၏။ "မလ္လမင်းတို့ သည် အကယ်၍ ပေးလျှင်ပေး၊ မပေးလျှင် ရနိုင်သောနည်းဖြင့် သရီရဓါတ် တော်တို့ကို ငါတို့ဆောင်ယူကြမည်" ဟု ကြံစည်စဉ်းစားကြ၍ အင်္ဂါ(၄)ပါး ရှိသော စစ်တပ်ကြီးများကို ခင်းကျင်းစီစဉ်ကာ မိမိတို့ပြည်မှ ထွက်ခဲ့ကြ လေသည်။

"ငါတို့အား ဓါတ်တော်တို့ကိုမူလည်ပေးကုန်လော့၊ ဓါတ်တော်များကို မပေးလိုကြမူ စစ်ကိုမူလည်း ထိုးကုန်လော့" ဟု အရေးဆိုကြကာ ကုသိနာရုံပြည် ကိုဝိုင်း၍ ထားကြသော်၊ ကုသိနာရုံ ပြည်သား မလ္လမင်းများသည် "ငါတို့သည် မြတ်စွာဘုရားထံ ပင့်လျှောက်လွှာပို့ကြ၍ ပင့်ကြသည်လည်းမဟုတ်။ ကိုယ်တိုင်သွားရောက်၍ ပင့်ကြသည် လည်း မဟုတ်။ စင်စစ်ကား မြတ်စွာဘုရားသည် ကိုယ်တော်တိုင်သာ ကြွတော်မူလာ၍ သတင်းစကား ကြားရောက် သိစေတော်မူကာ ငါတို့ကို တမင်ခေါ်တော်မူစေခဲ့လေသည်။ သင်မင်းတို့သည်လည်း မိမိတို့၏ တိုင်းနိုင်ငံအတွင်း ဖြစ်ထွန်းပေါ်ပေါက်သော ရတနာများကို ငါတို့အားပေး ကြမည်မဟုတ်။ နတ်နှင့်တကွသော သတ္တလောကကြီးထဲ၌ ဘုရား ရတနာနှင့် တူသော ရတနာမည်သည် တစိုးတစိမျှ မရှိချေ။ ဤသို့သော အမြတ်ဆုံးဖြစ်သည့် ဘုရားရတနာကိုရရှိကြ၍ ငါတို့သည် ဘယ်နည်းဖြင့်မှ

Generated by CamScanner from intsig.com

မပေးနိုင်ကြကုန်။ သင်တို့သည်သာ အမိန့်ကို သောက်စို့ခဲ့ကြရသည် မဟုတ်။ ငါတို့သည်လည်း အမိန့်ကို သောက်စို့ခဲ့ကြရသည်။ သင်တို့သာ ယောကျ်ားများဖြစ်ကြသည်မဟုတ်၊ ငါတို့သည်လည်း ယောကျ်ားများ ဖြစ်ကြသည်။ သင်တို့ပြောဆိုသည့်အတိုင်း သူရှုံးငါနိုင် အပြိုင်စစ်ထိုးမှု ဖြစ်စေတော့" ဟု ပြန်ကြားပြောဆိုကြကာ ငါတလုံးလုံး မာန်မူကြ၍ သတင်း အသွားအပြန် ပို့သစေကြလေသည်။

## ငုဏ္ဏားခွဲဝေ ဓါတ်တော်တွေ

ဒေါဏပုဏ္ဏားသည် ခုနစ်ပြည်ထောင်မင်းတို့နှင့် မလ္လမင်းတို့ ၏ ခိုက်ရန်စကားကို ကြားသိရ၍ ဤမင်းများကား မြတ်စွာဘုရား၏ ပရိနိဗ္ဗာန် စံတော်မူရာဌာနခ၌ ခိုက်ရန်ငြင်းခုန်မှု ပြုကြဘိ၏။ ဤအမှုသည် လုံးဝ မသင့်လျော်ချေ။ ဤခိုက်ရန်ငြင်းခုန်မှုဖြင့် အကျိုးမရှိ။ ငါသည် ထိုခိုက်ရန် ငြင်းမှုကို ငြိမ်းစေအံ့ဟု ကြံစည်ဆင်ခြင်၍ ထိုငြင်းခုန်ရာအရပ်သို့ သွားရောက်ကာ၊ မြေကုန်းမြင့် တစ်ခု၌ ရပ်တည်ပြီးလျှင် (၂)ဘာဏဝါရမျှ တိုင်းအရှည်ရှိသည့် ဒေါဏဂဇ္ဇိတ မည်သော တရားဂါထာအစုကို အားသွန် ရွတ်ဆို ပြောကြားလေ၏။

ထိုသို့ ဒေါဏပုဏ္ဏားကြီး(၂)ဘာဏဝါရမျှ ရွတ်ဆိုရာတွင် ပထမ ဘာဏဝါရ၌ ထိုမင်းများကား အငြင်းပွားဆူညံနေကြသဖြင့် တစ်ပုဒ်မျှ မကြားမသိလိုက်ကြကုန်။ ဒုတိယဘာဏဝါရ ပြီးဆုံးခါနီး အချိန်တိုင်မှ **"ဤအသံကား ဆရာကြီး၏ အသံနှင့်တူစွတကား၊ အချင်းတို့ ဤအသံကား ဆရာကြီး၏ အသံနှင့်တူစွတကား"** ဟု ပြောဆိုကြကာ အားလုံးသောမင်းတို့သည် အသံတိတ်ငြိမ်သက်၍ သွားကြလေသည်။

မှန်၏၊ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ထိုစဉ်အခါက အမျိုးကောင်းသား လုလင်များသည် များသောအားဖြင့် ဒေါဏဆရာကြီး၏ တပည့်များသာ



ဖြစ်ကြလေ၏။ တပည့်မဟုတ်သူကား မရှိသလောက်ပင် ရှားလှ၏။ ထိုအခါ ဒေါဏဆရာကြီးသည် ထိုမင်းများ မိမိစကားကို ကြားကြ၍ အသံတိတ် ဆိတ်ဆိတ်နေကြသည်ကိုသိရှိကာ တဖန်ဆက်၍ **"အရှင်တို့ အကျွန်ုပ်၏ တစ်ခွန်းသောစကားကို နားထောင်ကြပါဦး၊ အကျွန်ုပ်တို့၏ မြတ်စွာဘုရားမှာ သည်းခံသောဝါဒရှိပါသည်။ ထိုမြတ်စွာဘုရား၏ သရီရ ဓါတ်တော်များကို ခွဲဝေရေးကြောင့် စစ်ဖြစ်ရန်မသင့်လျော်ပါ။ အရှင်တို့ ငါတို့အားလုံးပင် တပေါင်းတည်း အညီအညွတ် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြ၍ သရီရဓါတ်တော်များကို ရှစ်စုရှစ်ပုံ ခွဲဝေကြပါကုန်စို့။ မြတ်စွာဘုရားကို လူအများတို့ ကြည်ညိုကြပါသည်။ ထိုလူအများ အတွက် အရပ်မျက်နှာ ထိုထိုဒေသတို့၌ စေတီပုထိုးများ အနှံ့အပြား တည်ရှိကြပါစေ"** ဟု ထိုမင်းတို့ကို ပြောကြားလေ၏။

ထိုအခါ မင်းများသည်လည်း ဒေါဏဆရာကြီးပြောကြားချက်ကို သဘောကျနှစ်သက်ကြကာ **"ဆရာပုဏ္ဏား သို့ဖြစ်လျှင် ဆရာကြီးသည် ပင် မြတ်စွာဘုရား၏ သရီရဓါတ်တော်တို့ကို ရှစ်စုရှစ်ပုံအညီအမျှ ကောင်းစွာ ခွဲဝေပါလော့"** ဟု ဆိုကြကုန်၏။

ဒေါဏပုဏ္ဏားသည် "အရှင်တို့ကောင်းပါပြီ" ဟု ထိုမင်းတို့ ပြောကြားချက်ကို ဝန်ခံ၍ ရွှေတလားကို ဖွင့်စေလေ၏။ မင်းတို့သည် ရွှေတလားအနီးသို့ လာရောက်ကြ၍ ရွှေတလား၌သာ မလှုပ်မယှက်ပကတိ တည်နေသော ရွှေရောင်အဆင်းရှိသည့် ဓါတ်တော်များကို ဖူးမျှော်ကြ ရလေလျှင် "သဗ္ဗညုတွင်ရှင်ပင်မြတ်ဘုရား ရှေးအခါကဆိုလျှင် တပည့်တော်များသည် အရှင်ဘုရား၏ မဟာပုရိသ လက္ခဏာတော်ကြီး (၃၂)ပါးတို့ဖြင့် တန်ဆာဆင်အပ်လျက် ရောင်ခြည်တော်ခြောက်သွယ် တို့ဖြင့် စီခြယ်အပ်သည့် လက္ခဏာတော်(၈၀)ပါးတို့ဖြင့် တင့်တယ် တောက်ပသော ရွှေရောင်အဆင်း ဝါဝင်းသော ကိုယ်တော်မြတ်ကို ဖူးမျှော်

Generated by CamScanner from intsig.com

ကြရပါသည်။ ယခုသော်ကား ရွှေရောင်အဆင်းဝါဝင်းသော သရီရဓါတ်တော်များသာ ကြွင်းကျန်ကြ ပါတော့သည်။ မြတ်စွာဘုရား၊ ဤသို့ဖြစ်ရခြင်းသည် အရှင်ဘုရားအဖို့ရာ မသင့်လျှော်ပါဘုရား" ဟုပြောဆိုငိုကြွေးကြလေကုန်၏။

ထိုအခါ ဒေါဏပုဏ္ဏားသည် မင်းအများတို့ မေ့လျော့ကြသောအဖြစ်ကို ရိပ်မိသိရှိကာ မြတ်စွာဘုရား၏ လက်ယာအထက်စွယ်တော်ဓါတ်ကို နှိုက်ယူကာ မိမိ၏ ဦးရစ်ခေါင်းပေါင်းကြား၌ ဝှက်ထားလိုက်လေ၏။ ထို့နောက် မင်းများသတိရလာကြသောအခါ သရီရဓါတ်တော်များကို ရှစ်ပုံရှစ်စုပြည်တောင်းဖြင့် ခြင်တွယ်၍ (၂)ပြည်ကျစီ ခွဲဝေလေ၏။ ပြည်ထောင်မင်း တစ်ဦး–တစ်ဦးလျှင် (၂)ပြည်ကျ (၂)ပြည်ကျစီ ရရှိကြလေသည်။ အလုံးစုံသော ဓါတ်တော်များသည် ပကတိပြည်တောင်းဖြင့် (၁၆)ပြည်သားရှိလေသည်။

ဒေါဏပုဏ္ဏားကြီး ဓါတ်တော်များခွဲဝေပေးနေစဉ် သိကြားနတ်မင်းသည် **"မြတ်စွာဘုရား၏ လက်ယာအထက်စွယ်တော်မြတ်ကို အဘယ်သူသည် ရယူအပ်လေသနည်း"** ဟု ကြည့်ရှုလတ်သော် ဒေါဏပုဏ္ဏားကြီး၏ ဦးရစ်ခေါင်းပေါင်းကြား၌ ဝှက်ယူ၍ ထားအပ်သည်ကို ထင်ရှားစွာမြင်သိ၍ **"ဤပုဏ္ဏားသည် လက်ယာအထက်စွယ် တော်မြတ်အား လျှောက်ပတ်သော ပူဇော်မှုကို ပြုနိုင်လိမ့်မည်မဟုတ်။ ထိုလက်ယာအထက်စွယ်တော်မြတ်ကို ငါပင့်ဆောင်ယူတော့အံ့"** ဟု ကြံစည်ဆင်ခြင်ကာ ဦးရစ်ခေါင်းပေါင်းကြားမှ လက်ယာအထက်စွယ်တော်ဓါတ်ကို ပင့်ဆောင်ယူ၍ ရွှေပန်းတောင်း၌ထားပြီးလျှင် တာဝတိံသာနတ်ပြည်သို့ပင့်ဆောင်လျက် စူဠာမဏိစေတီတော်အတွင်း ထည့်သွင်းဌာပနာထားလေ၏။

ဒေါဏပုဏ္ဏားသည်လည်း သရီရဓါတ်တော်များကို ပြည်ထောင်



မင်းတို့အား ခွဲဝေပေးပြီးလျှင် မိမိ၏ ဦးရစ်ခေါင်းပေါင်းကြား၌ ဝှက်၍ထားသော လက်ယာအထက်စွယ်တော်ဓါတ်ကို စမ်းသပ်ရှာဖွေ သော်လည်း မတွေ့မမြင်ရကား အလားတူ အောက်လက်ယာစွယ်တော် ဓါတ်ကိုလည်း မိမိ၏ခြေမကြားတွင် ဝှက်ထားလိုက်လေ၏။ ဤအခြင်းအရာကို ဇေယျသေနအမည်ရှိသော နဂါးမင်း မြင်တွေ့သောကြောင့် ထိုအောက်လက်ယာစွယ်တော်ဓါတ်ကို နဂါးပြည်သို့ ပင့်ဆောင်သွားပြီး ရတနာစေတီတည်၍ ထည့်သွင်းဌာပနာလိုက်လေသည်။

ဒေါဏပုဏ္ဏားသည် မိမိအပြစ်နှင့်မိမိရှိရကား ဓါတ်တော်တို့ကို မတောင်းဝံ့ချေ။ **"ဤဓါတ်တော်ခြင်သော ပြည်တောင်းသည်လည်း ဓါတ်တော်အလား ရှိသည်သာဖြစ်၏။ ထို့ကြောင့် ငါသည် ဤပြည်တောင်းကိုပင် စေတီပုထိုး တည်ထားကိုးကွယ်အံ့"** ဟု ကြံစည်စဉ်းစားပြီးလျှင် ပြည်ထောင်မင်းတို့ကို **"အရှင်တို့ အကျွန်ုပ်သည်လည်း ဓါတ်တော်ခြင်သော ပြည်တောင်းကို ကုမ္ဘစေတီ တည်ထားကိုးကွယ်ပူဇော်အံ့"** ဟုပြောဆိုလေသည်။ ပြည်ထောင်မင်းများသည်လည်း ဒေါဏပုဏ္ဏားအား ဓါတ်တော်ခြင်သော ပြည်တောင်းကို သဘောတူပေးကြလေကုန်၏။

## နောက်မှရောက်ကြ မောရိယ

ပိပ္ပလိဝနတိုင်းသား မောရိယမင်းများသည်လည်း မြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူကြောင်း သတင်းကြားသိကြ၍ အဇာတသတ်မင်းနည်းတူ သံတမန်စေလွှတ်ကာ သဝဏ်လွှာပါးကြ၍ အင်္ဂါ(၄)ပါးရှိသော စစ်တပ်ကြီးဖြင့် ကုသိနာရုံပြည်အရောက် နောက်ကျမှချီတက် လာကြသည်။

Generated by CamScanner from intsig.com

ထိုအခါ ကုသိနာရုံပြည်သား မလ္လမင်းများက "မြတ်စွာဘုရား၏ သရီရဓါတ်တော် အဖို့ဝေစုကား မရှိတော့ပြီ၊ ပြည်ထောင်မင်းတို့အား သရီရဓါတ်တော်တို့ကို ခွဲဝေ၍ ပေးပြီးကုန်ပြီ။ ဤမီးသင်္ဂြိုဟ်ရာ အရပ်မှ မီးသွေးကိုသာ ယူဆောင်ကြကုန်လော့" ဟုဆိုသဖြင့် မောရိယမင်းတို့သည် မီးသင်္ဂြိုဟ်ရာအရပ်မှ မီးသွေးကိုသာ ယူဆောင်၍ အင်္ဂါရ စေတီတည်ထား ကိုးကွယ် ပူဇော်ရန် ပြန်သွားကြကုန်၏။

## ဓါတ်တော်စေတီ ဆူဆယ်ပြီ

(၁) မဂဓတိုင်းရှင် ဘုရင်အဇာတသတ်မင်းသည် ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား၏ သရီရဓါတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်၏။

(၂) ထို့အတူ ဝေသာလီပြည်သား လိစ္ဆဝီမင်းများသည် ဝေသာလီပြည်၌ လည်းကောင်း

(၃) ကပိလဝတ်ပြည်သား သာကီဝင်မင်းများသည်လည်း ကပိလဝတ်ပြည်၌ လည်းကောင်း

(၄) အလ္လကပ္ပပြည်သား ကာဗုလိမင်းများသည်လည်း မိမိတို့ အလ္လကပ္ပပြည်၌ လည်းကောင်း

(၅) ရာမရွာသား ကောဠိယမင်းများသည်လည်း မိမိတို့ရာမရွာ၌ လည်းကောင်း၊

(၆) ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏားသည်လည်း မိမိ၏ ဝေဋ္ဌဒီပတိုင်း၌ လည်းကောင်း၊

(၇) ပါဝါပြည်သား မလ္လမင်းများသည်လည်း မိမိတို့ ပါဝါပြည်၌ လည်းကောင်း၊

(၈) ကုသိနာရုံပြည်သား မလ္လမင်းများသည်လည်း မိမိတို့ ကုသိနာရုံပြည်၌ လည်းကောင်း၊ မြတ်စွာဘုရား၏ ဓါတ်တော်တို့ကို အသီးသီး စေတီပုထိုး တည်ထားပူဇော်ကြလေ၏။

(၉) ဒေါဏပုဏ္ဏားသည်လည်း မိမိရသော ပြည်တောင်းကို ကုမ္ဘစေတီ (ဓါတ်တော် ခြင်အိုးဌာပနာစေတီ) တည်ထားပူဇော်လေ၏။

(၁၀) ပိပ္ပလိဝနတိုင်းသား မောရိယမင်းများသည်လည်း မိမိတို့ရရှိခဲ့သည့် မီးသင်္ဂြိုဟ်ရာ အရပ်မှ ပင့်ဆောင်ခဲ့သော မီးသွေးတို့ကို ပိပ္ပလိဝနတိုင်း၌ အင်္ဂါရစေတီ (မီးသွေးဌာပနာစေတီ) တည်ထားပူဇော်ကြကုန်၏။

ဤသို့လျှင် သရီရဓါတ် စေတီပုထိုးတော်မြတ်(၈)ဆူနှင့် (၉)ခုမြောက် ပြည်တောင်းစေတီ(၁)ဆူ၊ (၁၀)ခုမြောက် မီးသွေးစေတီ ပုထိုး(၁)ဆူအားဖြင့် စေတီပုထိုး(၁၀)ဆူတို့ ထင်ရှားဖြစ်ပေါ်ခဲ့လေသည်။

## စွယ်ကိုးမဲ့ကြွင်း ဓါတ်တော်များ

(၁) နဖူးသင်းကျစ်တော်သည် သီဟိုဠ်ကျွန်း၌ တည်တော်မူ၏။

(၂) လက်ဝဲညှပ်ရိုးတော်ဓါတ်သည် ဗြဟ္မပြည်၌ တည်တော်မူ၏။

(၃) လက်ယာညှပ်ရိုးတော်ဓါတ်သည် သီဟိုဠ်ပြည်၌ တည်တော်မူ၏။

(၄) လက်ယာအထက်စွယ်တော်တစ်ဆူသည် တာဝတိံသာနတ်ပြည်၌ တည်တော်မူ၏။

(၅) လက်ယာအောက်စွယ်တော်တစ်ဆူသည် နဂါးပြည်၌တည်တော်မူ၏။

(၆) လက်ဝဲအထက်စွယ်တော်တစ်ဆူသည် ဂန္ဓာရတိုင်း၌ တည်တော်မူ၏။

(၇) လက်ဝဲအောက်စွယ်တော်တစ်ဆူသည် ကလိင်္ဂမင်း၏နိုင်ငံ၌ တည်တော်မူ၏။

- ဘုရားရှင်သုံးစွဲတော်မူသည့် ကြွင်းသောပရိက္ခရာတို့ကို အပရန္တဇနပုဒ်၌ စေတီပုထိုး တည်ထားတော်မူလေ၏။

## မြတ်စွာဘုရား ဖြည့်ဝယ် ဘွားလေးဆယ်

နတ်ဗြဟ္မာတို့သည် လေးဆယ် အညီအမျှရှိကုန်သော သွားတော်တို့ကို လည်းကောင်း၊ ဆံတော်မွေးညင်းတော်တို့ကိုလည်းကောင်း၊ တစ်ဆူစီ တစ်ဆူစီ စကြဝဠာအဆင့်ဆင့်သို့ အကြွင်းမဲ့ဆောင်ယူကြလေကုန်၏။

## တည်ရာဌာန ပရိဘောဂ

- ဘုရားရှင်၏ ကျောက်သပိတ်တော်သည်၎င်း၊ တောင်ဝှေးတော်သည်၎င်း၊ ခါးဝတ်သင်္ကန်းမှ ကြွင်းသော သင်္ကန်းတော်သည်၎င်း၊ ဝဇီရာပြည်၌ တည်တော်မူ၏။
- ခါးဝတ်သင်္ကန်းတော်သည် ကုလဃရမြို့၌တည်တော်မူ၏။
- အိပ်ရာခင်းတော်သည် ကပိလဝတ်ပြည်၌တည်တော်မူ၏။
- ရေစစ်တော်(ဓမ္မကရိဏ်)သည်၎င်း၊ ခါးပန်းကြိုးတော်သည်၎င်း၊ ပါဋ္ဌလိပုတ်ပြည်၌တည်တော်မူ၏။
- ရေသနုပ်တော်သည် စမ္ပါပြည်၌တည်တော်မူ၏။
- ဥဏ္ဏာလုံ(မွေးရှင်တော်)သည် ကောသလတိုင်း၌ တည်တော်မူ၏။
- ဝတ်လဲတော်ပုဆိုးသည် ဗြဟ္မပြည်၌တည်တော်မူ၏။
- ဦးရစ်(မောင်းတော်)သည် တာဝတိံသာနတ်ပြည်၌ တည်တော်မူ၏။
- နိသီဒိုင်အခင်းသည် အဝန္တိတိုင်း၌ တည်တော်မူ၏။
- အိပ်ရာလွှမ်းသည် ဒေဝရဋ္ဌနိုင်ငံ၌ တည်တော်မူ၏။
- မီးပွတ်ခုံသည် မိထိလာပြည်၌ တည်တော်မူ၏။
- ရေစစ်တော်သည် ဝိဒေဟတိုင်းနိုင်ငံ၌ တည်တော်မူ၏။
- ပဲခွပ်တော်သည်လည်းကောင်း၊ အပ်ကျည်တော်သည်လည်းကောင်း၊ ဣန္ဒပတ္တမြို့၌ တည်တော်မူ၏။



## ရာဇဂြိုဟ်သို့ ပင့်ဆောင်ခြင်း

(၈)ပြည်ထောင်ရှိ မင်းပုဏ္ဏားတို့သည် မိမိတို့၏ ဓါတ်တော်ဝေစုဖြင့် မိမိတို့၏ နိုင်ငံအသီးသီး၌ စေတီပုထိုးများ တည်ထားပြီးကြသော်၊ အရှင်မဟာကဿပထေရ်သည် အနာဂတံသဉာဏ်ဖြင့် ဆင်ခြင်တော်မူ၏။

ထိုအခါ---

(၁) စေတီပုထိုးများအတွင်းရှိ ဓါတ်တော်များကို မိစ္ဆာဒိဋ္ဌိအယူရှိသူတို့ ဖျက်ဆီးမည့်အန္တရာယ်နှင့်

(၂) လျှို့ဝှက်သောဓါတ်တော် ဌာပနာတိုက်ကြီးတည်ထားလျှင် နောင်အခါ၌ အသောကမင်းသည် ထိုဌာပနာတိုက်ကြီးမှ ဓါတ်တော်တို့ကို ထုတ်ယူပင့်ဆောင်၍ ဇမ္ဗူဒိပ်ကျွန်းအလုံး ပြန့်နှံ့အောင် ပြုလုပ်လျက် နတ်လူတို့အတွက် ကြီးစွာသော အကျိုးစီးပွားကို ရွက်ဆောင်နိုင်လိမ့်မည်ဟူသော ဤအကြောင်း(၂)ရပ်ကို မြင်တော်မူ၍ အဇာတသတ်မင်းနှင့် တိုင်ပင်တော် မူ၏။

အဇာတသတ်မင်းကြီး ဓါတ်တော်တိုက် တည်ဆောက်ပြီးသောအခါ အရှင်မဟာကဿပထေရ်သည် ရာမရွာ၌ နဂါးတို့ သိမ်းဆည်းစောင့်ရှောက်ထားသော ဓါတ်တော်များသည် အန္တရာယ်မရှိ၊ အနာဂါတ်၌ သီဟိုဠ်ကျွန်း မဟာဝိဟာရ ကျောင်းတိုက်၌ မဟာစေတီတည်သောအခါ ထိုဓါတ်တော်များကို ယူဆောင်၍ ဌာပနာကြလိမ့်မည်ဟု သိမြင်တော်မူသောကြောင့် ထိုရာမရွာ၌ရှိသော ဓါတ်တော်တို့မှတစ်ပါး ကျန်(၇)ပြည်ထောင်တို့မှ ဓါတ်တော်များကို ရာဇဂြိုဟ်သို့ ပင့်ဆောင်တော်မူပြီး ရာဇဂြိုဟ်မြို့တော်၏ အရှေ့တောင်ထောင့် အရပ်ဝယ် တည်ဆောက်ပြီးစီးသော လျှို့ဝှက်ဓါတ်တော်တိုက်၏ စန္ဒကူးဝါကြုတ်(၈)လုံးတို့၌ ထည့်သွင်းဌာပနာပြီး ပူဇော်ခဲ့လေသည်။

Generated by CamScanner from intsig.com

## အသောကမင်း ပင့်ဆောင်ခြင်း

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် သာသနာသက္ကရာဇ် နှစ်ပေါင်း(၂၀၀)ကျော်ရောက်သောအခါ အသောကမင်းသည် သက်တော် (၁၂၀)ကျော် ရှိသော မထေရ်ကြီး၏ ပြောပြချက်အရ လျှို့ဝှက်ဓါတ်တော် ဌာပနာတိုက်ကြီး၏ နေရာကိုသိရ၍၊ ဦးစွန်း(၅)ခုရှိသော သူငယ် ယောင်ဆောင်သော ဝိသကြုံနတ်သား ၏ အကူအညီဖြင့် ဌာပနာတိုက်ကြီး ၏ အတွင်းသို့ ဝင်ရောက်လျှက် ပူဇော်လောက်ရုံမျှ ဓါတ်တော်အနည်းငယ် ကိုသာချန်ထား၍ ပကတိအတိုင်းပြုလုပ်ပြီး အထက်၌ကျောက်စေတီ တည် ထားစေသည်။ ကျန်ဓါတ်တော်များကို ပင့်ဆောင်ကာ မိမိဆောက်လုပ် လှူဒါန်းထားသော (၈၄၀၀၀)သော ကျောင်းတိုက်တို့၏အတွင်းရှိ စေတီ ပေါင်း(၈၄၀၀၀)၌ ထည့်သွင်းဌာပနာ၍ ပူဇော်ခဲ့လေသည်။

## "စွယ်တော်လေးဆူ ကိန်းတော်မူ"

### နတ်ပြည်တစ်ဆူ တည်တော်မူ

ဒေါဏပုဏ္ဏားသည် သရီရဓါတ်တော်များကို (၈)ပြည်ထောင်မင်း တို့အား (၈)စု (၈)ပုံ ခွဲဝေပေးနေစဉ်မှာပင် ကြည်ညိုသဒ္ဓါ ပွားလွန်းလှရ ကား လက်ယာအထက်စွယ်တော်ဓါတ်ကို မိမိ၏ဦးရစ်ခေါင်းပေါင်း ကြား၌ လည်းကောင်း၊ လက်ယာအောက်စွယ်တော်ဓါတ်ကို မိမိ၏ ခြေမကြား၌ လည်းကောင်း၊ လက်ဝဲအထက် စွယ်တော်ကို မိမိ၏ခါးပုံစ ကြား၌ လည်းကောင်း ဝှက်ထားလိုက်လေ၏။ ထိုအခြင်းအရာကို သိကြားမင်း မြင်တွေ့သဖြင့် "ဤပုဏ္ဏားသည် လက်ယာအထက်စွယ်တော် မြတ်အား လျှောက်ပတ်သော ပူဇော်မှုကို ပြုနိုင်လိမ့်မည်မဟုတ်။ ထိုလက်ယာ အထက် စွယ်တော်မြတ်ကို ငါပင့်ဆောင်ယူတော့အံ့" ဟုကြံစည် ဆင်ခြင် ကာ ဦးရစ်ခေါင်းပေါင်းကြားမှ လက်ယာအထက်စွယ် တော်မြတ်ကို ပင့်ဆောင်ယူ၍ ရွှေပန်းတောင်း၌ ထားပြီးလျှင် တာဝတိံသာနတ်ပြည်သို့ ပင့်ဆောင်လျှက် စူဠာမဏိ စေတီတော်အတွင်း ထည့်သွင်းဌာပနာလေ၏။



### နဂါးပြည်တစ်ဆူ တည်တော်မူ

ဒေါဏပုဏ္ဏား၏ ခြေမကြား၌ဝှက်ထားသော လက်ယာအောက် စွယ်တော်မြတ်ကို ဇေယျသေနအမည်ရှိသော နဂါးမင်းမြင်တွေ့သော ကြောင့် ထိုလက်ယာအောက်စွယ်တော်ဓါတ်ကို နဂါးပြည်သို့ ဆောင်ယူ သွားပြီး ရတနာစေတီတည်၍ ထည့်သွင်းဌာပနာလိုက်လေသည်။

### လူ့ပြည်နှစ်ဆူ တည်တော်မူ

ကသ္မီရ ဂန္ဓာရတိုင်းသား ရဟန္တာတစ်ပါးကလည်း ဒေါဏပုဏ္ဏား ကြီး၏ ခါးပုံစကြားထဲ၌ဝှက်ထားသော လက်ဝဲအထက်စွယ်တော်ဓါတ်ကို တန်ခိုးတော်ဖြင့်ဆောင်ယူ၍ ဂန္ဓာရတိုင်း၌ ကိုးကွယ်ပူဇော်စေလေသည်။

ထိုဂန္ဓာရတိုင်းသည် အိန္ဒိယပြည် အနောက်မြောက်ဘက်စွန်း သိန္ဓု မြစ်အနောက်ဖက် အာဖဂန်နစ္စတန်ပြည် ကန္ဒဟာဒေသ၌ တည်ရှိသည်။

ထို့အပြင် ဂန္ဓာရတိုင်းသည် အဝန်းယူဇနာ (၃၀၀)ကျယ်၍ တက္ကသိုလ် ပြည်ကြီးလည်း ရှိလေသည်။ ဂေါတမမြတ်စွာဘုရားရှင် ပွင့်တော်မူစဉ်အခါက ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ကြီးမှ တစ်ယောက် တည်း ထွက်ခွာ၍၊ (၁၉၂) ယူဇနာ ဝေးကွာသော မဂဓတိုင်း ရာဇဂြိုဟ်ပြည် ဘုရားသခင်ထံတော်သို့ ခြေလျှင်ခရီးဖြင့် သာကြွရောက်တော်မူသော ပက္ကုသာတိမင်းကြီး၏ ထီးနန်းစိုးစံရာဌာနတိုင်းကြီး ဖြစ်သည်။

ဗုဒ္ဓဘုရားရှင်၏ ရုပ်ကလာပ်တော် တေဇောဓါတ်လောင်တော်

Generated by CamScanner from intsig.com

ထိုမှတပါး ဤဂန္ဓာရတိုင်းသည် အသောကမင်း၏ သာသနာပြု (၉)တိုင်း၊ (၉)ဌာန တွင် အပါဝင်ဖြစ်၍၊ သာသနာနှစ် (၂၃၆) ခုနှစ်တွင် မဇ္ဈန္တိက မထေရ်သည် ပါဋလိပုတ်ပြည်မှ ကောင်းကင်ခရီးဖြင့်ကြွတော်မူ၍ ဤဂန္ဓာရတိုင်းသူ/တိုင်းသားတို့အား အာသီဝိသောပမသုတ္တန်ကို ရှေးဦးစွာ ဟောတော်မူစဉ် (၈၀၀၀၀)သော လူတို့သည် တရားထူးရကြတော်မူ၍၊ (၁၀၀၀၀၀)သော အမျိုးသား တို့ကို ရဟန်းအဖြစ်သို့ ရောက်စေတော်မူရာ သာသနာပြုတိုင်းကြီး လည်းဖြစ်သည်။

ဂန္ဓာရတိုင်း(အာဖဂန်နစ္စတန်)နှင့် ကသ္မီရ (ကက်ရှ်မီးယား)တို့၌ ထေရဝါဒဗုဒ္ဓဘာသာသည် သာသနာနှစ်(၅၀၀)ခန့်အထိ စည်ပင်ပြန့်ပွား ထွန်းကားခဲ့၏။ သာသနာနှစ်(၆၀၀)ခန့်သို့ ရောက်သော အခါ အိန္ဒိယပြည် အနောက်မြောက်ပိုင်းဒေသဖြစ်သော ကသ္မီရ (ကက်ရှ်မီးယား)နှင့် ဂန္ဓာရတိုင်း (အာဖဂန်နစ္စတန်) တို့တွင် ထေရဝါဒ ဗုဒ္ဓဘာသာသာသနာ တော် မရှိတော့ချေ။ ဒုတိယသင်္ဂါယနာနှင့် တတိယသင်္ဂါယနာ၌ နှင်ထုတ်ခံခဲ့ရသော မဟာသံဃိကနှင့် သဗ္ဗတ္ထိဝါဒ စသော ဂိုဏ်းကွဲများသာ ထွန်းကားနေကြလေပြီ။

သာသနာနှစ် (၆၅၀) နောက်ပိုင်းတွင် လက်ဝဲအထက်စွယ်တော် ခါတ်ကို အာရှအလယ်ပိုင်း ခိုတန်ပြည်သို့ ပင့်ဆောင်ပူဇော်ကြပြန်သည်။ ခိုတန်ပြည်ကား ယခုအခါ ဆိုဗီယက်ပြည်ထောင်စု(ရုရှား)အတွင်း၌ရှိသော တာကစ္စတန်ပြည်ပင် ဖြစ်ပါသည်။

သာသနာနှစ် (၉၄၈)တွင် တရုတ်ဘုန်းတော်ကြီး ဖာဟီယန်သည် မဇ္ဈိမဒေသသို့ ဘုရားဖူးထွက်ခဲ့ရာမှ အပြန်တွင် ခိုတန်ပြည်မှ စွယ်တော်မြတ်ကို တရုတ်ပြည်သို့ ပင့်ဆောင်သွားသည်။ ထိုအချိန်မှစ၍ ယနေ့တိုင်အောင် အထက်လက်ဝဲစွယ်တော်ခါတ်သည် တရုတ်နိုင်ငံတွင် ကိန်းဝပ်စံပယ်လျက် ရှိသည်။



မူစဉ် အင်္ဂုသာဝက အရှင်သာရိပုတ္တရာ၏ တပည့် ရဟန္တာအရှင်ခေမာသည် မီးသင်္ဂြိုဟ်ရာ စန္ဒကူးနံ့သာထင်းပုံမှ လက်ဝဲအောက်စွယ်တော်ခါတ်ကို ယူဆောင်၍ ကလိင်္ဂတိုင်း (ယခု ဘင်္ဂလားနယ် မဟာနဒီမြစ်နှင့် ဂေါဒါဝရီ မြစ်တို့ အကြားရှိ ဩရိသနယ်မြေ) ဗြဟ္မဒတ်မင်းအား ကိုးကွယ်ပူဇော်စေ လေသည်။

ဗြဟ္မဒတ်မင်း နတ်ရွာစံလျှင် သားတော် ကာသိရာဇာ ကိုးကွယ် တော်မူ၏။ ကာသိရာဇာ နတ်ရာစံပြန်သော် သားတော် သုနန္ဒ ကိုးကွယ် တော်မူ၏။ ထိုသို့ ကလိင်္ဂမင်းများ ဆက်လက်ကိုးကွယ်လာကြရာ ဒိဋ္ဌိအယူရှိသော ပဏ္ဍုမင်းသည် နန်းတက်သောအခါ စွယ်တော်ကို မကိုးကွယ်ပဲနေ၏။ စွယ်တော်ရှင်က တန်ခိုးတော်ပြမှ ဒိဋ္ဌိအယူစွန့်၍ စွယ်တော်မြတ်ကို ကိုးကွယ်လာ၏။

ပါဋလိပုတ်နေပြည်တော်မှ ပဏ္ဍုရာဇာမင်းသည် ဂုဟာသီဝမင်းက ပေးအပ်သော စွယ်တော်မြတ်ကို ကိုးကွယ်နေစဉ်၊ ခီရဓါရမင်းက စွယ်တော်ရရန် စစ်တိုက်၏။ မအောင်မြင်။ ပဏ္ဍုရာဇာမင်းက ဂုဟာသီဝ မင်းထံ စွယ်တော်ကို ပြန်အပ်နှင်း၏။

ခီရဓါရမင်း၏ တူတော်များက ဂုဟာသီဝမင်းထံသို့ စွယ်တော် အပ်ရင်အပ်၊ မအပ်ရင် စစ်တိုက်မည်ဟု ရာဇသံပေးကြ၏။ ဂုဟာသီဝမင်း လည်း တူသားမက်ဖြစ်သူ ဒန္တကုမာရနှင့် သမီးတော် ဟေမမာလာတို့အား အကယ်၍ ငါတို့ စစ်ရှုံးခဲ့လျှင် စွယ်တော်ကိုပင့်၍ သီဟိုဠ်ကျွန်း အကြည်တော် မဟာသေနမင်း ထံ တိမ်းရှောင်ကြရန်မှာထား၏။

စစ်တိုက်ကြသောအခါ၊ ဂုဟာသီဝမင်းရှုံး၍ ဒန္တကုမာရနှင့် ဟေမမာလာတို့သည် စွယ်တော်ကို ပင့်ကာ ပုဏ္ဏားယောင်ဆောင်ကြ၍ တာမလိတ္တိဆိပ်ကမ်းမှ သီဟိုဠ်ကျွန်းသို့ ကူးပြေးကြကုန်၏။ သာသနာနှစ် (၈၃၅)ခုနှစ်တွင် သီဟိုဠ်ကျွန်း အနုရာဓမြို့သို့ ဆိုက်ရောက်ကြပြီးနောက်

Generated by CamScanner from intsig.com

မဟာသေနမင်း၏ သားတော် ကိတ္တိသီရိမေဃမင်းထံ စွယ်တော်ကို အပ်နှင်းကြ၏။ ကိတ္တိသီရိမေဃမင်းလည်း စမ်းသပ်၍ ကျေနပ်မှ ကိုးကွယ်တော်မူ၏။ အနုရာဓမြို့ ကိတ္တိသီရိမေဃမင်းမှစ၍ မင်းဆက်ပေါင်းများစွာ လက်ဝဲအောက်ခါတ်စွယ်တော်မြတ်ကို ကိုးကွယ်လာခဲ့ကြ၏။

သာသနာနှစ် (၂၀၆၂)ခုနှစ်၌ ပေါ်တူဂီမင်းတို့သည် သီရိလင်္ကာနိုင်ငံ၌ အုပ်စိုးခဲ့ကြသည်။ ထိုမင်းများ အုပ်စိုးနေစဉ်အခါ စွယ်တော်မြတ်သည် ကန္ဒီမြို့၌ ကိန်းဝပ်စံပယ်ခဲ့သည်။ ပေါ်တူဂီမင်းတို့ အုပ်စိုးခြင်းကို စွန့်ခွာသောအခါ သာသနာနှစ် (၂၁၃၅)ခုနှစ်၌ ပထမ ဝိမလဓမ္မသူရိယမင်းသည် စွယ်တော်မြတ်အား ဘုံခုနှစ်ဆင့်ရှိ ဂန္ဓကုဋီကို ဆောက်လုပ်စေ၍ လှူဒါန်းပူဇော်ခဲ့သည်။ ထို့နောက် သာသနာနှစ်(၂၂၂၇)ခုနှစ်၌ နန်းတက်သော ဒုတိယ ဝိမလဓမ္မသူရိယမင်း၏ လက်ထက်၌ ဘုံသုံးဆင့်ရှိ ဂန္ဓကုဋီကို ဆောက်လုပ်စေ၍ စွယ်တော်မြတ်အား လှူဒါန်းပူဇော်ခဲ့သည်။

## ဝေါင်းမြတ်ရာဇာ အနော်ရထာ

အနော်ရထာမင်း နန်းတက်ချိန်၌ ပုဂံပြည်တွင် နတ်နဂါးကိုးကွယ်ခြင်းနှင့် အရည်းကြီးရဟန်းတို့ကို မင်းနှင့်တကွ တိုင်းသူပြည်သားများပါ ဆည်းကပ်ကိုးကွယ် နေရသောအချိန်ဖြစ်၏။ အနော်ရထာမင်းသည် အရည်းကြီးတို့၏ အယူဝါဒကို မနှစ်သက်ချေ။ တစ်နေ့ မှန်သောတရားကို ရရပါလို၏ ဟု တောင့်တတော်မူနေစဉ် သထုံမှ ရှင်ဓမ္မဒဿီမည်သော ရဟန္တာအရှင်မြတ် ရှင်အရဟံသည် ပုဂံသို့ ကြွလာတော်မူ၍ ပုဂံနှင့် မနီးမဝေးသော တောအုပ်တစ်ခု၌ သီးတင်းသုံးနေတော်မူ၏။

မုဆိုးတစ်ယောက်သည် တောထဲတွင် ရှင်အရဟံကို တွေ့မြင်ရလေသော် အရည်းကြီးတို့နှင့်မတူ၊ နှစ်သက်ကြည်ညိုဖွယ်သော အဆင်း၊



သဏ္ဌာန်၊ သိက္ခာ ဣန္ဒြေတော်ရှိတော်မူသည်ဟူ၍ မင်းကြီးထံသို့ ပင့်ဆောင်ရသော်ကောင်း၏ဟု အကြံဖြင့် ရှင်အရဟံအား မင်းကြီးထံသို့ ပင့်ဆောင်လေ၏။ ရှင်အရဟံသည် ပရိက္ခရာရှစ်ပါးကိုယူ၍ မုဆိုးနောက်သို့ လိုက်လေ၏။

အနော်ရထာမင်းသည် ရှင်အရဟံကို ဖူးမြင်ရသောအခါ **"ဤသူကား ယုတ်မာသော သူမဟုတ်၊ မြတ်သောသူတည်း၊ ဤသူ၏ ကိုယ်တွင်း၌ မြတ်သော တရားသည် အမှန်ရှိရာ၏"** ဟူ၍ နေရောင်ဖြင့် တွေ့ရသော ကြာပဒုမ္မာကဲ့သို့ ရွှင်လန်းသောစိတ်ဖြင့် ဤသို့ကြံတော်၏။ **"ဤသူသည် မြင့်မြတ်သောသူဖြစ်အံ့၊ မြင့်မြတ်သောနေရာ၌ နေလတ္တံ့၊ ယုတ်သောသူဖြစ်အံ့၊ ယုတ်သောနေရာ၌ နေလတ္တံ့"**ဟူ၍ ကြံပြီးသော် လျောက်ပတ်သော နေရာ၌နေရန် လျှောက်၏။

ရှင်အရဟံသည် မင်းကြီးအား မြင့်မြတ်သောအဖြစ်ကို သိစေလို၍ မြင့်မြတ်သော ရာဇပလ္လင်ထက်သို့ ချာန်ဖြင့် တက်ကြွပြီးလျှင် နေထိုင်တော်မူ၏။ ထိုအကြောင်းအရာကို မြင်လေသော် **"ဤသူကား ဆန်းကြယ်လှသည်။ ဤသူ၏ အမျိုးအနွယ်ကို မေးအံ့"** ဟုကြံပြီးသော် အဘယ်အရပ်မှ ကြွလာ၍ မည်သည့် အမျိုးအနွယ်၊ မည်သူ၏ အဆုံးအမကို ခံယူကြောင်းများကို မေးတော်မူ၏။

ရှင်အရဟံလည်း သထုံပြည်မှ ကြွလာကြောင်း သမ္မာသမ္ဗုဒ္ဓဘုရားအမျိုးအနွယ်ဖြစ်ကြောင်းနှင့် မြတ်စွာဘုရားသခင် ဟောတော်မူအပ်သော အာဏာ ဒေသနာတော်မှလာသော အဆုံးအမကို ခံယူကြောင်း မိန့်တော်မူ၏။ မင်းကြီး လည်း ပီတိသောမနဿ လွန်စွာဖြစ်၍ ရှင်အရဟံအား ဘုရားသခင် ဟောကြား တော်မူသော တရားတော်များမှ တစ်စိတ်တစ်ဒေသမျှသော တရားတော်ကို ဟောကြားပါရန် တောင်းပန်တော်မူ၏။ ရှင်အရဟံလည်း အနော်ရထာမင်းကြီး အား အလှူဒါန မွန်မြတ်မှုကြောင့်

Generated by CamScanner from intsig.com

သီရိဓမ္မာသောကမင်းကြီး၏ ဆုတောင်းပြည့်ဝပုံ၊ အတူတကွ နေထိုင်ခဲ့ဖူးသောကြောင့် မြင်မြင်ချင်း တစ်ဦးကိုတစ်ဦး ချစ်ခင်ပုံနှင့် စပ်သည့် သီရိဓမ္မာသောကမင်းကြီးအား နိဂြောဓသာမဏေ ဟောကြားတော် မူသော အပ္ပမာဒတရားနှင့် ပျားကုန်သည် သုံးဦးအကြောင်း ပြန်လည်ဟော်ကြားတော်မူသည်။

တရားတော်၏အဆုံး၌ မင်းကြီး၏ နှလုံးတော်သည် အကြိမ်တစ်ရာစစ်သော ဆီတွင် အဖန်တစ်ရာဖတ်သော ဝါကို ချဘိသကဲ့သို့ ဩဇာပွန သဒ္ဓါဖြင့် မတုန်မလှုပ် သက်ဝင်ယုံကြည်ကာ ကြည်ညိုသဒ္ဓါ ပွားများတော်မူသည်။ ထို့နောက် ဘုရားသခင် အဘယ်အရပ်၌ ရှိတော်မူကြောင်း မေးတော်မူလျှင် ရှင်အရဟံလည်း အောက်ပါအတိုင်း မိန့်တော်မူလေ၏။

သဗ္ဗညုရှင်တော် ဘုရားသည် ဗောဓိပင်အနီး၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ လေးဆယ့်ငါးဝါပတ်လုံး ခပ်သိမ်းသော လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့အား တရားရေအေးတိုက်ကျွေးတော်မူပြီးနောက်၊ ကုသိနာရုံ၊ မလ္လာမင်း တို့၏ မင်္ဂလာပြုရာ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုတော်မူလေပြီ၊ ဘုရားရှင်၏ ကြွင်းကျန်ရစ်သော ဓါတ်တော်ရှစ်ဒေါနကို ရှစ်ပြည်ထောင်သော မင်းတို့သည် ဆောင်ယူ၍ အသီးသီးကိုးကွယ်ကြလေသည်။ ထိုမင်းတို့ ကိုးကွယ်သော ဓါတ်တော်ရှစ်ဒေါနအနက် ခုနစ်ဒေါနသော ဓါတ်တော်တို့ကို တတိယ သင်္ဂါယနာတင် ဆရာမြတ်တို့ ယူဆောင်တော်မူကြ၍ သီရိဓမ္မာသောကမင်းကြီး အား အပ်လေလျှင် သီရိဓမ္မာသောကမင်းကြီး သည် စေတီပေါင်းရှစ်သောင်း လေးထောင်ကို တည်တော်မူပြီး စေတီတော် အတွင်းသို့ထည့်သွင်းဌာပနာတော်မူ၍ ပူဇော်တော်မူခဲ့လေသည်။

တစ်ဒေါနသော ဓါတ်တော်တို့ကို နဂါးတို့ယူ၍ ဝမ်းတွင်း၌



ထားသည်ကို သုမနသာမဏေ ယူဆောင်တော်မူ၍ သီဟိုဠ်ကျွန်းကို အစိုးရတော်မူသော အဘယ ဒုဋ္ဌဂါမဏိမင်းကြီးအား အပ်လေလျှင် မင်းကြီး မဟာဝိဟာရ ကျောင်းတိုက်၌ မဟာစေတီကြီးတည်၍ ဌာပနာကာ ပူဇော်ခဲ့လေသည်။

လက်ယာအထက်စွယ်တော်ကို သိကြားမင်း ပင့်ဆောင်ကာ တာဝတိံသာ နတ်ပြည်၌ စူဠာမဏိစေတီတော်အတွင်း ထည့်သွင်းဌာပနာ၍ ကိုးကွယ်လေသည်။ လက်ယာအောက်စွယ်တော်အား နဂါးတို့ ပင့်ဆောင်၍ နဂါးပြည်၌ ရတနာစေတီတည်၍ ထည့်သွင်းဌာပနာကာ ကိုးကွယ်လေသည်။

လက်ဝဲအထက်စွယ်တော်ကား ဂန္ဓာရတိုင်း(အာဖဂန်နစ္စတန်)မှ အာရှအလယ်ပိုင်း ခိုတန်ပြည်(တာကစ္စတန်)သို့ ပင့်ဆောင်၍ ကိုးကွယ်ကြသည်။ အာရှအလယ်ပိုင်း ခိုတန်(တာကစ္စတန်)ပြည်မှ တစ်ဆင့် ဂန္ဓာလရာဇ်မည်သော တရုတ်ပြည်သို့ ပင့်ဆောင်ကာ မင်းတို့ အစဉ်ကိုးကွယ်ကြလေသည်။

လက်ဝဲအောက်စွယ်တော်ကိုကား ကလိင်္ဂတိုင်းမှတစ်ဆင့် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ ပင့်ဆောင့်၍ မင်းတို့ အစဉ်ကိုးကွယ်ကြလေသည်။

ရှင်အရဟံလည်း ဤသို့ဆက်၍ မိန့်တော်မူပြန်လေ၏။ ဘုရားသခင် ဟောတော်မူသော တရားအရေအတွက်ကား ဓမ္မဝိနယ နှစ်ပါး၊ ပိဋကတ်သုံးပါး နိကာယ်ငါးပါး၊ အင်္ဂါကိုးပါး၊ ဓမ္မက္ခန္ဓာရှစ်သောင်း လေးထောင် ရှိသတည်း။

ဤသို့ အရေအတွက်ရှိသော ဓမ္မဒေသနာတော်ကို မဇ္ဈိမဒေသနှင့် သင်္ဂါယနာ သုံးကြိမ်တင်ပြီးနောက် သီဟိုဠ်ကျွန်းတွင် ပေထက်အက္ခရာ တင်ထားလေသည်ကို ရေးထုံးကြ၍ သထုံမင်းအား အပ်လေသောကြောင့်

သထုံပြည်တွင် ပိဋကတ်တော် အစုံသုံးဆယ်ရှိလေသည်။

ဘုရားသခင်၏ တပည့်သား သံဃာတို့မှာ ငါမှ တစ်ပါး ပရမတ္ထသံဃာ၊ သမုတိသံဃာတို့သည် အများအပြားရှိကြောင်း မိန့်တော်မူလေသည်။

ဤသို့ မိန့်တော်မူသောအခါ အနော်ရထာမင်းကြီးသည် အတိုင်းထက် အလွန် သဒ္ဓါခြင်းပြင်းစွာဖြစ်၍ **"ငါ့ရှင်မှတစ်ပါး အခြားကိုးကွယ်ရာမရှိ၊ ဤနေ့မှ စ၍ ငါတို့ ကိုယ်နှင့် အသက်နှစ်ပါးကို ငါ့အရှင်အား အပ်နှင်းကြောင်း၊ ငါ့အရှင်၏ အဆုံးအမကို နာခံတော်မူမည် ဖြစ်ကြောင်း"** လျှောက်ထားပြီးလျှင် တိတ္ထိတို့၏ အယူကို ပယ်တော်မူလေသည်။ အနော်ရထာမင်းသည် ရှင်အရဟံအား (အရည်ကင်) တောရ ကျောင်းဆောက်၍ရသောအရပ်၌ ရတနာအတိဖြင့် တန်ဆာဆင်သော ကျောင်းတော်ကို ဆောက်လုပ်၍ ရေစက်သွန်းချ လှူတော်မူ၏။

ထိုအခါ မင်းမှစ၍ ပြည်သူပြည်သား အပေါင်းတို့သည် မိမိတို့ ယခင်အယူကို စွန့်ကြ၍ ကောင်းသောတရား၌ တည်ကြလေသော် အရည်းကြီးတို့ အား ကိုးကွယ်ဆည်းကပ်မှု လျော့နည်းလာလေသည်။ သထုံပြည်မှလည်း ရဟန်း သာမဏေများ ရောက်တော်မူလာကြသဖြင့် သာသနာတော်၌ သဒ္ဓါကြည်ညိုသော သူတို့အား ရဟန်းအဖြစ်ကို ဖြစ်စေသောကြောင့် သာသနာ ထွန်းကားစပြု လာလေသည်။

ရှင်အရဟံက **"ဘုရားရှင် သာသနာတော် သုံးပါးတွင် ပရိယတ္တိ သာသနာတော်ရှိမှ ပဋိပတ္တိ သာသနာတော် ဖြစ်နိုင်သည်။ ပဋိပတ္တိ သာသနာတော် ဖြစ်မှ ပဋိဝေဓ သာသနာတော် ဖြစ်မည်။ ပရိယတ္တိ ဟူသော ပိဋကတ်သုံးပုံ မရှိသေးချေ။ လက်ဆောင်နှင့် တောင်းစေ၍ ရသည်ဖြစ်မှ သာသနာ အရှည်တည်ရာသည်"**ဟု မိန့်တော်မူ၏။



**"သထုံပြည်၌ ပိဋကတ်သုံးပုံ အစုံသုံးဆယ်ရှိ၏။ မွေတော်ဓါတ်တော် လည်း များစွာရှိ၏"** ဟု မိန့်တော်မူ၏။

အနော်ရထာမင်းသည် ရှင်အရဟံ၏ အဆုံးအမ ညွှန်ကြားချက်ဖြင့် သာသနာတော်ကို ပြုစုလိုလှသောကြောင့် လက်ဆောင်များစွာ စီရင်၍ လိမ္မာသောအမတ်တစ်ယောက်ကို သာယာချေင်သော စကားဖြင့် သထုံမင်း ထံ ပိဋကတ်တော်စုံအချို့ကို အနူးအညွတ်တောင်းရာ မပေးသည့်အပြင် သထုံမင်း မနူဟာက မချေမငံ ဆိုပြန်လေသောကြောင့် ကျန်စစ်သားအမှူး ရှိသော စစ်သူကြီးလေးဦးနှင့်တကွ ဗိုလ်ပါအများချီတက် တိုက်ခိုက် သိမ်းယူလေ၏။ ထိုတွင် သထုံမှ လူစွမ်းကောင်း ဗျတ္တလည်း ပါ၏။

သထုံကို အောင်မြင်လျှင် ပိဋကတ်တော်အစုံ သုံးဆယ်နှင့်တကွ ဓါတ်တော်မွေတော်တို့ကိုလည်းကောင်း၊ ပိဋကတ်ကျမ်းဂန်တတ် အရိယာ သံဃာတော်တို့ကိုလည်းကောင်း ပင့်ဆောင်တော်မူခဲ့၏။ ထိုမှတစ်ပါး သထုံမင်း မနူဟာနှင့်တကွ မိဖုရား၊ သားတော်၊ သမီးတော်၊ ဆင်၊ မြင်း၊ ဗိုလ်ပါ အလုံးအရင်းကိုလည်းကောင်း၊ သထုံပြည်ရှိ ပန်းချီ၊ ပန်းပု၊ ပန်းတိမ် ပန်းရန်၊ ပန်းပဲ၊ ပန်းတဉ်း၊ ဆေးအတုံ၊ အမွှေးစသော အတတ်ပညာသည် များနှင့် အမြှောက်၊ သေနတ်၊ လေးစသော လက်နက် ကိရိယာ အတတ် တတ်ကျွမ်းသောသူတို့ကိုလည်းကောင်း ပုဂံသို့ ဆောင်ကျဉ်းဆောင်ယူခဲ့ လေသည်။ ပင့်ဆောင်တော်မူ ခဲ့သော ပိဋကတ်တော်တို့ကို ရတနာပြသာဒ်ဖြင့် ထားတော်မူ၍ ရဟန်း၊ သံဃာတော်တို့အား ပို့ချသင်ကြားစေတော်မူလေသည်။

## ဂန္ဓာလရာဇ် စွယ်တော်စစ်

အနော်ရထာမင်းကြီးသည် **"ဂန္ဓာလရာဇ်တိုင်းဖြစ်သော တရုတ်ပြည်၌ စွယ်တော်မြတ်တစ်ဆူရှိသည်။ ထိုစွယ်တော်မြတ်ကို**

တရုတ်ဘုရင် ဥတည်ဘွားထံမှ တောင်းခံ၍ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား ကိုးကွယ်ရာဖြစ်စေရသော် သာသနာတော်လည်း အတိုင်းထက်အလွန် ထွန်းပလိမ့်မည်။ သတ္တဝါအပေါင်းတို့သည်လည်း သာသနာတော်ငါးထောင်တိုင်တိုင် များစွာသော အကျိုးခံစားရလိမ့်မည်" ဟူ၍ ကြံတော်မူပြီးလျှင် နိုင်ငံတော်အလုံး၌ရှိသော ဆင်၊ မြင်း၊ ဗိုလ်ပါတို့ကို စုရုံးတော်မူ၍ ရေကြောင်း၊ ကြည်းကြောင်းဖြင့် ချီတော်မူ၏။

အနော်ရထာမင်းစောလည်း ဥတည်ဘွား၏ ဆရာရသေ့ကျောင်းသို့ သွားတော်မူ၏။ ရသေ့လည်း အနော်ရထာမင်းကို မြင်လေသော် ဘုန်းကြီးသော မင်းဖြစ်သည်ဟု သိလေ၏။ ရသေ့လည်း "အဘယ်ရပ်မှ အဘယ်ကြောင်းကြောင့် ငါတို့တိုင်းနိုင်ငံသို့ လာရောက် တော်မူသနည်း" ဟု မေးလေ၏။

"ငါကား အရိမဒ္ဒနာအမည်တွင်သော ပုဏ္ဏာဂါမပြည်ကြီးကို အစိုးရသော အနော်ရထာမင်းစောပင်တည်း။ ငါလာတော်မူသော အကြောင်းကား သဗ္ဗညု ဘုရားသခင် စွယ်တော်ကို ကိုးကွယ်ချင်သောကြောင့် တောင်းရန်လာသည်" ဟူ၍ မိန့်တော်မူ၏။

ရသေ့လည်း အနော်ရထာမင်းစော၏ စကားကိုကြားသော် ဥတည်ဘွားထံသို့ အကြောင်းကြားလေ၏။ ဥတည်ဘွားလည်းများစွာသော လက်ဆောင်ပဏ္ဏာတို့နှင့်တကွ မှူးမတ်အပေါင်းခြံရံလျက် အနော်ရထာမင်းကို ဖူးတွေ့တော်မူလာ၏။ အနော်ရထာမင်းစောလည်း "အဆွေတော့် တိုင်းနိုင်ငံသို့ လာရောက်ကြောင်းကား လောကီစည်းစိမ်ကို အလိုရှိ၍ ငါလာတော်မူသည် မဟုတ်၊ လောကုတ္တရာချမ်းသာသို့ ရောက်မည့်အကြောင်း စွယ်တော်မြတ်ကို ကိုးကွယ်ချင်သောကြောင့် တောင်းရန်လာခြင်းဖြစ်သည်" ဟုမိန့်တော်မူ၏။ ဥတည်ဘွားလည်း "စွယ်တော်မြတ် ကိန်းဝပ်တော်မူလိုသော် ပင့်တော်မူလော့" ဟုဆို၏။



အနော်ရထာမင်းစောသည် များစွာသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်၍၊ စွယ်တော်မြတ်ထားရာ၌ တောင်းပန်တော်မူ၏။ စွယ်တော်လည်း ယောကျာ်းမြတ်တို့၏ လက္ခဏာတော်ကြီး(၃၂)ပါး၊ လက္ခဏာတော်ငယ် (၈၀)ပါး၊ ရောင်ခြည်တော် (၆)ပါးတို့ဖြင့် အလွန်တင့်တယ်စွာ တန်ဆာဆင်တော်မူလျက် ကောင်းကင် သို့ တက်တော်မူ၍ စင်္ကြံကြွတော်မူလေသည်။ အနော်ရထာမင်းစောလည်း အဖန်ဖန်တလဲလဲ ခယရိုသေစွာ ရတနာပန်းတောင်းကို ဦးခေါင်းထက်၌ရွက်လျက် တောင်းပန်တော်မူ၏။ စွယ်တော်မြတ်လည်း ကောင်းကင်မှ ဆင်းသက်တော်မမူပဲ နေတော်မူလေ၏။

ထိုအကြောင်းကို မြင်တော်မူလျှင် စိတ်နှလုံးမကြည်မသာ ဖြစ်လေ၏။ သိကြားမင်းလည်း ထိုအခြင်းအရာကို သိလျှင် "ဤမင်းသည် သာသနာတော်ကို ဆောင်ရွက်လိမ့်မည်" ဟူ၍ မြဖြင့်ပြီးသော ရုပ်တုတော် တစ်ဆူကို ယူတော်မူခဲ့၍ စွယ်တော်မြတ်နှင့်အတူ စင်္ကြံကြွစေပြီးသော် ကောင်းကင်မှဆင်း၍ မင်းကြီးဦးခေါင်းထက် ရတနာပန်းတောင်းတော်၌ တည်စေ၏။

သိကြားမင်းလည်း ကိုယ်ထင်ပြ၍ ဤသို့ဆို၏။ ဤစွယ်တော် မြတ်ကို မင်းကြီးအား ကိုးကွယ်စေဟူ၍ ဘုရားရှင် ဗျာဒိတ်တော်မရှိချေ။ ဂန္ဓာလရာဇ်တိုင်း တွင် သာသနာတော် ငါးထောင်တည်ရစ်စေ ဟု ဗျာဒိတ်တော်ရှိချေသည်။ မင်းကြီးကိုမူကား နဖူးသင်းကျစ်ဓါတ်တော်တို့ကို ကိုးကွယ်ရလတ္တံ့ ဟု ဗျာဒိတ် တော်ရှိသည်။ "ထိုနဖူးသင်းကျစ်ဓါတ်တော်မူကား သရေခေတ္တရာပြည်ကြီးကို အစိုးရသော ဒွတ္တပေါင်မင်းကြီးသည် ကမ်းယံပြည်မှ ပင့်ဆောင်၍ သရေခေတ္တရာ ပြည်မှာ စေတီကြီးစွာ တည်၍ ကိုးကွယ်လေသည်။ ထိုနဖူးသင်းကျစ်တော်ကို ဆောင်ယူ၍ ကိုးကွယ်လေ" ဟုဆို၏။

သိကြားမင်း အပ်နှင်းသော မြရုပ်တုတော်ကို ပင့်ဆောင်တော်မူခဲ့၏။ နေပြည်တော်သို့ ရောက်တော်မူလျှင် မြဆင်းတုတော်ကို ရွှေနန်းတော်၌ ထား၍ ကိုးကွယ်တော်မူ၏။

## နဖူးသင်းကျစ်တော် ပင့်ဆောင်သော်

အနော်ရထာမင်းကြီးသည် သရေခေတ္တရာသို့ ဆင်၊မြင်း၊ အလုံးအရင်းနှင့် ရေအား၊ ကြည်းအား ချီတော်မူ၏။ သရေခေတ္တရာသို့ ရောက်တော်မူလျှင် ဒွတ္တပေါင်မင်းကြီး တည်တော်မူသော စေတီတော်ကို ဖျက်၍ နဖူးသင်းကျစ်တော်ဓါတ်ကိုယူပြီးသော် ရတနာပန်းတောင်းအတိပြီးသော ပြာသဒ်နှင့် ဆင်ဖြူတော်တွင်တင်၍ ပင့်ဆောင်တော်မူခဲ့၏။

## ရွှေစည်းခုံမှာ ဥာပနာ

နေပြည်တော် ပုဏ္ဏာဂါမသို့ရောက်တော်မူလျှင် ရဟန္တာအရှင်အရဟံ နှင့် တိုင်ပင်တော်မူ၍ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ စီးပွားအလို့ငှာ သာသနာတော် ငါးထောင်ပတ်လုံးတည်စေလို၍ နဖူးသင်းကျစ်ဓါတ်တော် ကို ရတနာဆင်ဖြူထက် တင်ပြီးသော် **"မွေတော်မြတ်ကိန်းဝပ်တော်မူလိုသော အရပ်၌ ဆင်ဖြူဝပ်စေသား"** ဟု အဓိဋ္ဌာန်တော်မူပြီးမှ ဆင်ဖြူကို လွှတ်တော်မူ၏။ ဆင်ဖြူလည်း ရွှေစည်းခုံဘုရားတည်မည့်နေရာ သဲစုခုံ၌ ဝပ်လေ၏။

မင်းကြီးလည်း သဲစုခုံ၌ ဝပ်သည်ကို မြင်တော်မူလျှင် **"သာသနာတော် ငါးထောင်ပတ်လုံးတည်ရစ်စေ ဟူ၍ အကြံတော်ရှိသည်။ ယခုသယံဇာတ မြေတွင်ကား ဆင်ဖြူမဝပ်ပါ၊ ညှို့မြေဖြစ်သော သဲစုခုံ၌ ဝပ်ဘိသည်"** ဟူ၍ စိတ်နှလုံးမသက်မသာ ရှိတော်မူ၏။



သိကြားမင်းလည်း ထိုညဥ့်တွင်လာ၍ **"မင်းကြီး ဤဆင်ဖြူတော်ဝပ်သောအရပ်သည်ကား သာသနာတော် ငါးထောင်ပတ်လုံးတည်လိမ့်မည်၊ မင်းကြီးမစိုးရိမ်လင့်"** ဟူ၍ အိပ်မက်တော်ပေးလေ၏။ မင်းကြီးလည်း ဝမ်းမြောက် ဝမ်းသာရှိသည်ဖြစ်၍ ဘုရားတည်မည့်အကြောင်းကို စီရင်တော်မူ၏။

သိကြားမင်းလည်း နှစ်သိမ်းလေးသောင်း အထုရှိသောမြေကို ကျောက် အတိပြီးစေ၍ သံပြားအတိကွပ်လေ၏။ အနော်ရထာမင်းစောလည်း သာသနာတော် ငါးထောင်တိုင် ထာဝရဖြစ်လတ္တံ့သည်ကို မြင်တော်မူ၍ ရွှေစည်းခုံတောင်အရပ်တွင် ပြာသဒ်ငါးဆောင်နှင့် နေတော်မူကာ သက္ကရာဇ် (၄၂၁)ခုနှစ်တွင် ရွှေစည်းခုံ ဘုရားတည်တော်မူ၏။

ဥာပနာတိုက်ထားတော်မူသောအခါ ဘုရားရှင် နဖူးသင်းကျစ်ဓါတ်တော်သည် လက်ဝဲတော်ကြီး၊ လက်ဝဲတော်ငယ်၊ ရောင်ခြည်တော်ခြောက်ပါးတို့ဖြင့် အလွန်တင့်တယ်စွာ တန်ဆာဆင်တော်မူလျက် မနိုင်းယှဥ်အပ်သော အသရေ အပေါင်းကို ဆောင်တော်မူ၍ ပရိက္ခရာရှစ်ပါးလွယ်လျက် ကောင်းကင်သို့ တက်တော်မူပြီးလျှင် **"မင်းကြီးသည် ရှေး၌လည်း ပလလည်းဆင်ဖြစ်၍ ဝါတွင်းသုံးလပတ်လုံး ငါ့ကို လုပ်ကျွေးဖူးလေပြီ ယခုလည်း ငါ၏သာသနာတော်ကို ချီးမြှောက်ပေသည်၊ နောက်လာလတ္တံ့သောအခါ ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့ "** ဟူ၍ ဗျာဒိတ်ကြားတော်မူ၏။

မင်းကြီးလည်း အဖန်တစ်ရာဖတ်သော ဝါဂွမ်းကို အကြိမ်တစ်ရာစစ် သောဆီဝယ် ချဘိသကဲ့သို့ ပီတိသောမနဿတွေ့သည်ဖြစ်၍ မိန်းမောလျှက် သရီရဓါတ်တော်ထားသော ရတနာပန်းတောင်းကို ဖက်၍ တရှိုက်မက်မက် နေတော်မူ၏။ အရှင်အရဟံလည်း မင်းကြီးအား ဤသို့ မိန့်တော်

မိန့်တော်မူ၏ "ဘုရားရှင် သာသနာတော်ကို ဆောင်ရွက်ရမည်လည်း များသေးသည်၊ ရတနာပန်းတောင်းကို ဖက်၍နေဟန်ကို ရွှေသွန်း၍ ဌာပနာ" ဟုမိန့်တော်မူ၏။ မင်းကြီးလည်း အရှင်အရဟံ မိန့်တော်မူသည့်အတိုင်း ရွှေကိုသွန်း၍ ဌာပနာလေ၏။

## သီဟိုဠ်ကျွန်းရပ် စွယ်တော်မြတ်

ရွှေစည်းခုံဘုရားကို တည်တော်မူ၍ ပစ္စယာသုံးဆင့်ပြီးလျှင် ဤသို့ ကြံတော်မူ၏။ "ငါသည်ကား ဘုရားရှင် ဗျာဒိတ်ရပြီးသောသူဖြစ်သည်။ တရုတ်ပြည်မှ စွယ်တော်မြတ်ကို တောင်းပါသော်လည်း မရခဲ့ချေ။ မြဆင်းတုနှင့် နဖူးသင်းကျစ်တော်ဓါတ်ကို ဗျာဒိတ်ရှိသည်ဟူ၍ သိကြား အပ်၍ ကိုးကွယ်ရသည်။ သီဟိုဠ်ကျွန်း၌ရှိသော စွယ်တော်မြတ်ကိုရ၍ ဤစေတီတွင်ဌာပနာရသည်ရှိသော် သာသနာတော် ငါးထောင်တိုင်တိုင် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ အကျိုး များစွာ ဖြစ်လတ္တံ့" ဟူ၍ တောင်းတတော်မူ၏။

ထိုည၌ဦး၌ သိကြားမင်းလည်း ဘုရားရှင်သာသနာတော် ထင်ရှားစွာ ဖြစ်လတ္တံ့သည်ကိုမြင်၍ "မင်းကြီးက တမန်စေ၍ တောင်းစေ သော် စွယ်တော်မြတ်ကို ရလတ္တံ့" ဟု အိပ်မက်ပေးလာ၏။ မင်းကြီးလည်း အရှင်အရဟံ နှင့် တိုင်ပင်ပြီးသော် ဆင်ဖြူတစ်စီးကို လက်ဆောင်ပြု၍ စွယ်တော်မြတ်ကို တောင်းခိုင်းလေ၏။

အနော်ရထာမင်းစောက စေတော်မူသော သင်္ဘောလည်း သိကြား စောင်မသည်ဖြစ်၍ (၇)ရက်နှင့် သီဟိုဠ်ကျွန်းသို့ ရောက်လေ၏။ တမန်တို့ လည်း အနော်ရထာမင်းစောက ပါးလိုက်သော ဆင်ဖြူနှင့်တကွ လက်ဆောင်ပဏ္ဏာတို့ကို သီဟိုဠ်မင်းဓာတုသေနအား ဆက်၍ အကြောင်း



လျှောက်လေ၏။

သီဟိုဠ်မင်းလည်း အနော်ရထာမင်းစောက မှာတော်မူသမျှကို ကြားတော်မူသော် ခင်ခင်မင်မင် ရွှင်သောနှလုံးတော်ရှိသည်ဖြစ်၍ ငါ့အဆွေ တော်က မှာသည်ကို ကိုးကွယ်ရအောင် ငါတောင်းပန်မည်ဟူ၍ စွယ်တော် မြတ်ထားရာ ပြာသဒ်သို့သွားပြီးသော် ကြီးစွာသောပူဇော်သက္ကာရကို ပြု၍ တောင်းပန်လေ၏။

စွယ်တော်မြတ်လည်း ယောကျာ်းမြတ်တို့၏ လက္ခဏာ တော်ကြီး(၃၂)ပါး၊ လက္ခဏာတော်ငယ်(၈၀)၊ ရောင်ခြည်တော် (၆)ပါးတို့ဖြင့် အလွန်တင့်တယ်စွာ တန်ဆာဆင်လျက် မနှိုင်းယှဉ်အပ် သော အသရေတော်အပေါင်းနှင့် ပြည့်စုံစွာ ပရိက္ခရာ(၈)ပါးကိုလွယ်၍ ကောင်းကင်၌ စင်္ကြံ ကြွတော်မူလေ၏။ သီဟိုဠ်မင်းလည်း နဝရတ်ဖြင့်ပြီးသော ရတနာပန်းတောင်းကို ခေါင်းမှာရွက်လျက် ခွယရှိသေ စွာ တောင်းပန်တော်မူ သည်။ စွယ်တော်မြတ်လည်း တစ်ဆူပွါး၍၊ ဘုရားနှစ်ဆူ ထင်ရှားရှိတော်မူသကဲ့သို့ ကောင်းကင်၌ စင်္ကြံကြွတော်မူ၏။ ထိုအကြောင်းကို သီဟိုဠ်မင်းမြင်လျှင် "ပွားသောစွယ်တော်မြတ် တစ်ဆူသည် ငါ၏ဦးခေါင်း၌ တည်တော်မူ စေသော်" ဟူ၍ အဖန်တလဲလဲ တောင်းပန်တော်မူသော် ကောင်းကင်မှ ဆင်းတော်မူ၍ သီဟိုဠ်မင်းဦးခေါင်းထိပ်ရှိ ရတနာပန်းတောင်း အထက်၌ တည်လေ၏။

သီဟိုဠ်မင်းလည်း ဦးခေါင်းဖြင့်ရွက်၍ သင်္ဘောဆိပ်သို့တိုင်အောင် ဆောင်ပြီးသော်၊ လည်ခန့်အတိုင်း အရှည်ရှိသော ရေသို့ဆင်းသက်၍ သင်္ဘောသို့ တင်လေ၏။ ဤသို့လည်းမှာတော်မူ၏။ "အဆွေတော် ဖြစ်သော အနော်ရထာမင်းစောကို ငါကဲ့သို့ လည်ရှိတိုင်အောင် ရေသို့ ဆင်းသက်ပြီးသော် ဦးခေါင်းဖြင့်ရွက်၍ ဆောင်ယူတော်မူပါ" ဟူ၍ မှာတော်မူ၏။ တမန်တော်တို့လည်း စွယ်တော်မြတ်ကို ရတနာအတိပြီး

Generated by CamScanner from intsig.com

သော ပြာသဒ်တွင်တင်၍ ရှိသေကောင်းမွန်စွာ ဆောင်ယူကြ၏။ သီဟိုဠ်ကျွန်းမှလွှင့်ခဲ့သော်၊ သိကြားမင်း စောင်မသည်ဖြစ်၍ (၇)ရက်နှင့် လောကနန္ဒာ ဆိပ်သို့ရောက်လာ၏။

အနော်ရထာမင်းစောလည်း သီဟိုဠ်ကျွန်းသို့စေလိုက်သော သင်္ဘောနှင့် စွယ်တော်မြတ်ကို ဆောင်ယူ၍ ရောက်လာပြီဟု ကြားတော်မူလျှင် ဝမ်းမြောက် ဝမ်းသာ ရှိတော်မူသည်ဖြစ်၍ "ပုလဲပြုံး"ဟူသော ဆင်ဖြူတော်ကို စီးတော်မူ၍ စွယ်တော်ကြိုဆိပ်တိုင်အောင် ကြိုတော်မူ၏။ စွယ်တော်မြတ်ကို အနော်ရထာ မင်းကြီးသည် သီဟိုဠ်မင်းက မှာလိုက်သည့်အတိုင်း မဆီးမကြိုချေ၊ ဆင်ကိုစီး၍ ကြိုချေသောကြောင့် စွယ်တော်မြတ်တင်သော သင်္ဘောသည် ပြန်၍ သမုဒ္ဒရာ၌ တည်လေ၏။

သင်္ဘောပြန်လေသော် အနော်ရထာမင်းစောလည်း ကြီးစွာသော စိုးရိမ်ခြင်းသို့ ရောက်တော်မူသည်ဖြစ်၍ များစွာသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်၍ တောင်းပန်တော်မူ၏။ ယင်းသို့မှ စွယ်တော်တင်သော သင်္ဘောသည် ကမ်းသို့ ချဉ်းကပ်ရောက်လာ၍ မင်းကြီးလည်း လည်တိုင်အောင် ရေသို့သက်တော်မူပြီးလျှင် ရတနာပန်းတောင်းကို ဦးခေါင်းတော်မှာ ရွက်လျှက် မရေမတွက်နိုင်သော မှူးတော်၊ မတ်တော်၊ ရဲမက်၊ ဗိုလ်ပါ အပေါင်းခြံရံစေ၍ ရွှေနန်းတော်သို့ ဆောင်တော်မူခဲ့၏။ ရွှေနန်းတော်သို့ ရောက်လျှင် နန်းတော်ရှေ့၌ ရတနာအတိမွမ်းမံသော ပြာသဒ်ထက် ကိန်းဝပ်တော်မူစေ၍ ကြီးစွာသော ပူဇော်သက္ကာရကို ပြုတော်မူ၏။

## အဓိဋ္ဌာန်စွယ်တော်ရှင်(၅)ဆူ

### (၁) ရွှေစည်းခုံ စွယ်တော်ရှင်

အရှင်အရဟံလည်း မင်းကြီးအား ဤသို့မိန့်တော်မူ၏။ **"စွယ်တော် မြတ်ကို နန်းတော်တွင်ထား၍ ကိုးကွယ်သည်ထက် သာသနာတော် ငါးထောင်တိုင်တိုင် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ ကိုးကွယ်စေခြင်းငှာ စေတီ တည်တော်မူသော် အကျိုးများစွာဖြစ်လတ္တံ့"** ဟု မိန့်တော်မူ၏။ အနော်ရထာမင်း စောလည်း ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့၏ စီးပွားအလို့ငှာ စွယ်တော်မြတ်ကို ရတနာဆင်ဖြူတော်ထက် ရတနာပြာသဒ်နှင့်တကွ တင်ပြီးသော် **"ကိန်းဝပ်တော်မူလိုသော အရပ်၌ ဆင်ဖြူတော်ဝပ်စေသော်"** ဟု မိန့်တော်မူ၍ ဆင်ဖြူတော်ကို လွှတ်တော်မူ၏။ ယင်းသို့ လွှတ်တော်မူသောအခါ ဆင်ဖြူတော်လည်း နဖူးသင်းကျစ်တော်ခါတ် ဋ္ဌာပနာတော်မူရာ ရွှေစည်းခုံသို့ တက်၍ ဝပ်လေ၏။ အနော်ရထာမင်းစောလည်း ထိုစွယ်တော်မြတ်ကို ရွှေစည်းခုံ၌ ဋ္ဌာပနာတော်မူ၏။

### (၂) တန့်ကြည်တောင် စွယ်တော်ရှင်

မင်းကြီးလည်း " **ငါသည် ဘုရားအဖြစ်သို့ ရောက်တော်မူမည် မှန်လျှင် စွယ်တော်မြတ်တစ်ဆူ ပွားစေသော်"** ဟူ၍ အဓိဋ္ဌာန်တော်မူ၏။ စွယ်တော်မြတ် သည်လည်း တစ်ဆူပွား၍ ဆင်ဖြူတော်တွင် တင်ပြီးသော် **"ကိန်းဝပ်တော်မူ လိုသောအရပ်၌ ဆင်ဖြူတော်ဝပ်စေသော်"** ဟု အဓိဋ္ဌာန်တော်မူ၍ ဆင်ဖြူတော်ကို လွှတ်တော်မူပြန်၏။ ဆင်ဖြူတော်လည်း ဧရာဝတီမြစ်ကိုကူး၍ တန့်ကြည်တောင်ဖျားထက်တက်၍ ဝပ်လေ၏။ ထိုအရပ်တွင် စေတီတစ်ဆူ တည်၍ ဋ္ဌာပနာတော်မူ၏။

### (၃) လောကနန္ဒာ စွယ်တော်ရှင်

မင်းကြီးလည်း တစ်ဖန် အဓိဋ္ဌာန်တော်မူ၏။ စွယ်တော်တစ်ဆူ ပွားပြန် ၏။ ထိုစွယ်တော်ကို ဆင်ဖြူတော်ထက်တွင် တင်ပြီးသော် စွယ်တော်မြတ်တို့ကို စေတီတည်ပြီးလျှင် များစွာသော ပူဇော်သက္ကာရတို့ကို

"စွယ်တော်မြတ် ကိန်းဝပ်တော်မူလိုသော အရပ်၌ ဆင်ဖြူတော်ဝပ်စေသော်"ဟု အဓိဋ္ဌာန်တော်မူ၍ ဆင်ဖြူတော်လွှတ်ပြန်လေ၏။ ဆင်ဖြူတော်လည်း သီဟိုဠ်ကျွန်းမှ သင်္ဘောဆိုက်ကပ်လာသော လောကနန္ဒာ အရပ်တွင် ဝပ်လေ၏။ ထိုအရပ်၌ စေတီတစ်ဆူတည်၍ ဌာပနာလေ၏။

**(၄) တုရင်တောင် စွယ်တော်ရှင်**

ယင်းသို့မှ တဖန် အဓိဋ္ဌာန်တော်မူပြန်၍ စွယ်တော်တစ်ဆူပွားသည်ကို ဆင်ဖြူတော်ထက်တွင်တင်၍ လွှတ်တော်မူပြန်၏။ ဆင်ဖြူတော်လည်း တုရင်တောင်ဖျားတွင် ဝပ်လေ၏။ ထိုတောင်ဖျားထက်တွင် စေတီတစ်ဆူတည်၍ ဌာပနာတော်မူ၏။

**(၅) ပြကွေ့ရွှေတောင် စွယ်တော်ရှင်**

ယင်းကမှ တစ်ဖန် အဓိဋ္ဌာန်တော်မူ၍ စွယ်တော်တစ်ဆူပွားသည်ကို ဆင်ဖြူတော်တွင်တင်၍ လွှတ်တော်မူပြန်၏။ ဆင်ဖြူတော်လည်း အရှေ့မျက်နှာ အရပ်သို့သွား၍ သာလျောင်းတောင်ထက်တခဏမျှ လျောင်းပြီးလျှင် ထိုကသွား၍ ပျက်တောင်ထက် ဝပ်မည်ပြုပြီးလျှင် မဝပ်ဘဲ ခရွေတောင်ထက်တက်လေ၏။ ထိုကမှ ဒုတိယတဖန်ပြန်၍ ပျက်တောင်ထက်ဝပ်လေ၏။ အနော်ရထာမင်းစော လည်း ထိုအရပ်တွင် စေတီတစ်ဆူတည်၍ ဌာပနာတော်မူ၏။

ဤသာလျောင်းတောင်၊ ခရွေတောင်တို့တွင်လည်း ငါ့ကိုစေတီတည်စေ လိုသည်ဟု အမှတ်တော်ရှိ၍ စေတီတစ်ဆူစီတည်တော်မူ၍ များစွာသော သရီရဓါတ်တော်တို့ကို ဌာပနာတော်မူ၏။

ဤသို့ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ စီးပွားအလို့ငှာ သာသနာတော် ငါးထောင်တိုင်တိုင် တည်ရစ်စေဟု၍ (၅)ဆူသော



ပြုတော်မူ၍ သာခုခေါ်တော်မူ၏။

ပျက်တောင်မှာ ရှေးဦးစွာတက်၍ ဝပ်မည်ပြုပြီးလျှင် မဝပ်ဘဲ ပျက်ကွက် ခြင်းကိုအစွဲပြု၍ ပျက်တောင်ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်ဟု ရှေးပညာရှိတို့ အယူရှိကြသည်။

ခရွေတောင်မှာ မဝပ်မလျောင်းဘဲ ချွတ်ယွင်းသောကြောင့် ခရွေတောင်ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။

## ပြကွေ့ရွှေတောင် စွယ်တော်ရှင်

စွယ်တော်ရှင် စေတီတော်(၅)ဆူတွင် တစ်ဆူအပါအဝင်ဖြစ်သည့် ပြကွေ့ရွှေတောင် စွယ်တော်ရှင် စေတီတော်ကို အနော်ရထာမင်းကြီးကိုယ်တိုင် သက္ကရာဇ်(၃၉၅)ခုနှစ်တွင် တည်ထားခဲ့ပါသည်။

ပြကွေ့ရွှေစွယ်တော်ရှင် စေတီတော်သည် မန္တလေးတိုင်း ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့၏ အရှေ့တောင်ဘက် ပြကွေ့ရွှေတောင် (အနောက်တောင်)ထိပ်တွင် တည်ရှိပါသည်။ ပြကွေ့ရွှေတောင်သည် ကူမဲမြို့၊ ရန်ကုန်– မန္တလေး ကားလမ်းမှ(၇)မိုင် ကွာဝေးပြီး၊ ပေးပေါင်း(၃၄၃၃)ပေအမြင့် ရှိပါသည်။ တောင်ခြေမှ တောင်ထိပ်အထိ တိုင်းတာမည်ဆိုလျှင် (၃)မိုင် အရှည် ရှိပါသည်။

ပြကွေ့ရွှေစွယ်တော်ရှင် စေတီတော်ကြီးသည် ဥဿဖ်တော်(၈၁)ပေ မြင့်၍ အောက်ခြေဖိနပ်တော်မှာ အလျား(၈၁)ပေ၊ အနံ(၈၁)ပေ ကျယ်ဝန်းပါသည်။ စေတီတော်ကြီး၏ ရင်ပြင်တော်ပတ်လည်တွင် စေတီရံပေါင်း (၃၂)ဆူ တည်ရှိပြီး စေတီတော်ကြီး၏ တောင်ဘက်ရင်ပြင်တော်တွင် အရှေ့မှ အနောက်သို့ စေတီရံ(၂၂)ဆူ ရှိလေသည်။

Generated by CamScanner from intsig.com

## ပြက္ခရွေတောင်

ပြက္ခရွေတောင်ဟူသော အမည်သည် တောင်တစ်လုံးတည်း၏ အမည်နာမ မဟုတ်ပါ။ ပြက်တောင်နှင့် ခရွေတောင် နှစ်လုံး၏အမည်ကို တစ်ပေါင်းတည်း ခေါ်ဝေါ်ထားသော အမည်ဖြစ်ပါသည်။ သို့သော်လည်း ပြည်သူတို့က ပြက္ခရွေတောင်ကို တောင်တစ်လုံးတည်းဟု ထင်မှတ်နေကြပါသည်။

ယခုအခါ ပြက်တောင်ဟုလည်းကောင်း၊ ခရွေတောင်ဟု လည်းကောင်း သီးခြားစီခွဲ၍ မခေါ်ကြတော့ပါ။ ပြက္ခရွေ အရှေ့တောင်၊ ပြက္ခရွေ အနောက်တောင် ဟုသာ ခေါ်ဝေါ်နေကြပါတော့သည်။

ပြက်တောင်နှင့် ခရွေတောင်မှာ အရှေ့အနောက်တန်း၍ နေကြပါသည်။ ပြက်တောင်ခေါ် ပြက္ခရွေ အနောက်တောင်သည် ပင်လယ်ရေမျက်နှာပြင် အထက် (၃၄၃၃)ပေမြင့်ပြီး၊ ခရွေတောင်ခေါ် ပြက္ခရွေ အရှေ့တောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် (၃၅၅၉)ပေ မြင့်ပါသည်။

## မြန်မာပြည်ဝယ် ဗဟိုလယ်

ပြက္ခရွေ အနောက်တောင်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အလယ်ဗဟိုတည့်တည့်နေရာတွင် တည်ရှိနေခြင်းမှာ ထူးခြားဆန်းကြယ အံ့သြဖွယ်ပင် ဖြစ်ပါသည်။ ပြက္ခရွေတောင်စွယ်တော်ရှင် စေတီတော်၏ အနောက်ဘက် ရင်ပြင်တော်အစပ်တွင် အင်္ဂလိပ်ခေတ်က မြေတိုင်းဌာနမှ တိုင်းတာ စိုက်ထူထားသော မြန်မာနိုင်ငံ၏ အလယ်ဗဟိုဌာနဟု သတ်မှတ်ထားသည့် အုတ်ပန္နက်မှတ်တိုင်ကြီးရှိပါသည်။ အလယ်ဗဟို မှတ်တိုင်ကြီး၏ အရှေ့ဘက်ဘေး တွင် မှတ်တမ်းတင်ရေးသားထားသော



ကြေးနီပြားကြီး တပ်ထားပါသည်။ ယခုအခါ မသမာသူတို့၏ လက်ချက်ကြောင့် ပျောက်ဆုံးသွားပြီဖြစ်ရာ တန်ဖိုးမဖြတ်နိုင်သော သမိုင်းဝင် ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်ပေတော့သည်။

ပြက္ခရွေတောင်၏ အမြင့်ပေပမာဏနှင့် တည်ရှိရာနေရာဌာနကို ယနေ့ခေတ် ပညာရှင်များ တိုင်းတာထားသည်မှာ (Global Position System)(G.P.S)ကမ္ဘာတစ်ဝှမ်းလုံးရှိတည်နေရာကို တိုင်းထွာသည့် ကိရိယာ ဖြင့် တိုင်းတာချက်အရ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ၊ ၁၂ ဒသမ ၆၉၅ မိနစ်ဖြစ်၍၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ၊ ၁၄ ဒသမ ၇၅၉ မိနစ်တွင် ရှိပါသည်။ အမြင့်ပေမှာ လည်း အထပ်ပါကိရိယာဖြင့် တိုင်းတာချက်အရ ပေပေါင်း(၃၄၃၃)ပေ မြင့်ကြောင်း တွေ့ရပါသည်။

နက္ခတ္တဗေဒင် ပညာရှင်များ အတည်ပြုထားသော ပြည်ထောင်စု မြန်မာနိုင်ငံ အလယ်ဗဟိုဒေသနှင့် ကွာခြားမှုသိပ်မရှိလှပဲ နီးစပ်ပေသည်။ နက္ခတ္တ ဗေဒင်ပညာရှင်များ အတည်ပြုထားသော ပြည်ထောင်စုမြန်မာနိုင်ငံ အလယ်ဗဟို ဒေသမှာ မြောက်လတ္တီတွဒ် ၂၀ ဒီဂရီရှိပြီး၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀ မိနစ် ဖြစ်လေသည်။

ထို့ကြောင့် အနော်ရထာမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော ပြက္ခရွေတောင်စွယ်တော်ရှင် တည်ရှိရာ ပြက္ခရွေ အနောက်တောင်သည် မြန်မာနိုင်ငံ၏ အရှေ့ဖျားနှင့် အနောက်ဖျား၏ အလယ်ဗဟို တည့်တည့်နှင့် မြန်မာနိုင်ငံ၏ မြောက်ဖျားနှင့် တောင်ဖျား၏ အလယ်ဗဟို တည့်တည့်တွင် တည်ရှိ နေသည်မှာ အထောက်အထားခိုင်လုံလှပေသည်။

## ပေပင်ချောင်

အနော်ရထာမင်းသည် ပေရွက်ဖြင့် ပိဋကတ်တော်ရေးကူးရန် အတွက် **"နောင်အခါ ငါမင်းတစ်ကြိမ်ဖြစ်မှ ပေစေ့ပေါက်စေသား"**ဟု

ရက္ခစိုး၊ ဘုမ္မစိုးတို့ကို တိုင်တည်၍ ပြက်တောင်ခြေတွင် ပေမျိုးစေ့ကို စိုက်တော်မူခဲ့၏။

ပုဂံပြည် ကျစွာမင်းလက်ထက်၌ အနော်ရထာမင်းလက်ထက်က စိုက်ပျိုးခဲ့သော ပေမျိုးစေ့များ ပေါက်လာလေ၏။ ကျစွာမင်းသည် မိမိလက်ထက်၌ ပေပင်များ ပေါက်လာသဖြင့် အနော်ရထာမင်းအဖြစ်နှင့် သာသနာပြုစုခဲ့ဘူးသည်ကို သိတော်မူကာ များစွာဝမ်းမြောက်တော်မူလေသည်။

ပြက်တောင်ခြေတွင် ပေပင်များပေါက်လာသောနေရာကို ပေပင်ချောင်ဟု ခေါ်ဝေါ်ကြသည်။

## ပြက္ခရွှေတောင်ကြီးပွဲတော်

အနော်ရထာမင်းကြီးသည် သာလျောင်းတောင်နှင့် ပြက္ခရွှေတောင် တို့တွင် စေတီများတည်ပြီးနောက် အဓိဋ္ဌာန်ထားတော်မူခဲ့သည်မှာည **"ငါပြုတော်မူသော ကုသိုလ်တော် စေတီတို့အား တစ်နှစ်တစ်ကြိမ် ဆွမ်းဆက်ကပ် လှူဒါန်းကြစေ၊ မမေ့မလျော့ဆွမ်းတော်ကြီး ကပ်လှူကြသောသူတို့သည် စပါး ဆန်ရေ၊ ကောက်ပဲသီးနှံ ဖွံ့ဖြိုးတိုးတက် ချမ်းသာပါစေ မေ့လျော့ပေါ့ဆ သူတို့သည် ဆန်ကောနှင့် ကောက်ဆွသာ ကျန်ရှိပါစေ"** ဟု အဓိဋ္ဌာန်ထားတော်မူ၏။

၄င်းပြင် ရွှေသာလျောင်းစေတီတော်နှင့် ပြက္ခရွှေတောင်စေတီတော် တို့တွင်လည်း "ငါ့အား အမှုအတန်းပေးဝေကြသကဲ့သို့ စွယ်တော်မြတ် တင်သော ဆင်ဖြူ(ဆင်မယဉ်သာ) ကိုလည်း ဆင်ဆယ်မျိုးတို့၏ အရုပ်တို့ ဖြင့် ဆွမ်းတော်ကြီး ကပ်ပွဲတွင် ထည့်ဝင်လှူဒါန်းပြီး၊ ဆင်ဖြူ(ဆင်မယဉ်သာ)ကို အမှုအတန်း ပေးဝေကြရန်" အဓိဋ္ဌာန်ထားတော်မူ ခဲ့လေသည်။

ထိုအဓိဋ္ဌာန် ထားတော်မူခဲ့သည့်အတိုင်း အနော်ရထာမင်း လက်ထက်မှစ၍ ရွှေသာလျောင်းစေတီတော်မြတ်နှင့် ပြက္ခရွှေတောင်



စေတီတော်မြတ်တို့အား သီတင်းကျွတ်လဆန်း(၁၄)ရက်နေ့တွင် ဆွမ်းတော်ကြီး ကပ်လှူပွဲများ ကျင်းပ ပြုလုပ်ကြသည်။

ရှေးအခါက ရှေးရိုးရာအစဉ်အလာအတိုင်း မပျက်မကွက် ကျင်းပကြ သော်လည်း ယခုအခါ ပြက္ခရွှေတောင်စေတီတော် ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ဆင်လှူပွဲများ တစ်စတစ်စ တိမ်ကော ပပျောက်သွားပြီး ပျော်ပွဲရွှင်ပွဲ သက်သက်လောက်သာ ကျန်တော့သည်။ ဆုတောင်းပြည့် မောနားကျောင်း နေရာတွင် အိုးစည်၊ ဒိုးပတ်၊ လင်းကွင်း၊ ဝါးလက်ခုတ်များ အပြိုင်တီး၍ ကခုန်ပျော်ရွှင်ကြသော ပြက္ခရွှေတောင်ကြီး ပွဲ အဖြစ်သာ ထင်ရှားတော့သည်။

ပြက္ခရွှေတောင် စေတီတော်မြတ် ဆွမ်းတော်ကြီးကပ်လှူပွဲကို ဒေသခံများက "ပြက္ခရွှေတောင်ကြီးပွဲ" ဟူ၍ ခေါ်ကြသည်။ မြစ်သားမြို့နယ်အတွင်းရှိ ဘုရားပွဲများအနက် အထူးခြားဆုံးပွဲဖြစ်သည်။

တောင်ကြီးပွဲကား နှစ်စဉ် သီတင်းကျွတ်လဆန်း(၁၄)ရက်ရောက်မှ ကျင်းပလေ့ရှိသော်လည်း သီတင်းကျွတ်မတိုင်မီ ဝါတွင်းအချိန် လောက်မှစ၍ မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာများ၌ ညအခါရောက်ပြီဆိုလျှင် အိုးစည်၊ ဒိုးပတ် တီးမှုတ်သံများကို ကြားနေကြရသည်။ အကြောင်းမှာ အခြားကျေးရွာများမှ အိုးစည်၊ ဒိုးပတ်များနှင့် မနားတမ်း အပြိုင်အဆိုင်တီးမှုတ် ကခုန်နိုင်ရန် အတီးလေ့ကျင့်နေကြခြင်း ဖြစ်သည်။

သီတင်းကျွတ်လဆန်း အစရောက်ပြီဆိုလျှင် တောင်ကြီးပွဲသို့ သွားရန် ကြိုတင်၍ အဖော်ညှိပြင်ဆင်နေကြသည်။ ရှေးအခါက ယခုကဲ့သို့ ကားလမ်းမပေါက်သေး၍ ပေါင်းမိုးလှည်းကြီးများဖြင့် လေးငါးရက် ကြိုတင်၍ အဖွဲ့လိုက် တစ်သီတစ်တန်းကြီး သွားကြလေသည်။

လမ်းတစ်လျှောက်လုံးရှိ ကျေးရွာများမှ ကုသိုလ်ရှင်များက ဇရပ် အသီးသီးမှ ဆီးကြို၍ လက်ဖက်ကမ်းကြသည်။ မုန့်ပဲ သရေစာများဖြင့် ဧည့်ခံကျွေးမွေးကြသည်။ အမွှေးနံ့သာရည်များကို သပြေပန်းနှင့် ဆွတ်ကာ ပက်ဖြန်းကြသည်။

တောင်ကြီးပွဲပြန် ဘုရားဖူးများကလည်း အပြန်လက်ဆောင်အဖြစ်

Generated by CamScanner from intsig.com

သစ်ခွပန်းများ ပေးကြသည်။

ပြက္ခရွေတောင်ခြေ လှည်းခံစခန်းတွင် နွားလှည်းများကို ထားခဲ့ကြပြီး တောင်ခြေမှ(၄)ဖာလုံဝေးသော မောနားကျောင်းသို့ တက်ကြရသည်။ ၎င်းမောနားကျောင်းတွင် စခန်းချပြီး ခေတ္တတည်းခိုကြသည်။

## မောနားဆုတောင်းပြည့်စေတီတော်

ဆုတောင်းပြည့် မောနားကျောင်း ပရဝုဏ်အတွင်း အနော်ရထာမင်းတည်ထားခဲ့သော မောနားဆုတောင်းပြည့် စေတီတော် ရှိပါသည်။

စွယ်တော်ကို ဆင်ဖြူတော်ပေါ်တွင် တင်ပြီးလွှတ်တော်မူသောအခါ ဆင်ဖြူတော် မောရှ်နားသော နေရာဖြစ်သောကြောင့် ၎င်းနေရာကို **"မောနား"** ဟုခေါ်တွင်လေသည်။ ဆင်ဖြူတော် မောရှ် နားသောနေရာတွင် စေတီတည်ထိုက် သည်ဟု ယူဆပြီး ဉာဏ်တော်(၉)တောင်ခန့်မြင့်သော မောနားဆုတောင်းပြည့် စေတီတော်တစ်ဆူ တည်ခဲ့လေသည်။

မောနားဆုတောင်းပြည့်စေတီတော်သည် မြန်မာနိုင်ငံတွင် တည်ထား ကိုးကွယ်ကြသော စေတီများအနက် တစ်မူထူးခြားသော စေတီတော် ဖြစ်ပါသည်။

စေတီတော်ကို သစ်ဆေးသရိုးကိုင်ပြီး အနုစိပ်ကနုတ်ပန်း လက်ရာများဖြင့် ရွှေချထားပါသည်။ သပိတ်မှောက်တွင် ဂဠုန်ရုပ်နှင့် က ဒေါင်းရုပ်များကို ဖောင်းကြွ ပြုလုပ်ထားရာ အလွန်ပင် မြန်မာမှု လက်ရာမြောက်လှပေသည်။

## ဆင်ခြေရာ

မောနားဆုတောင်းပြည့် စေတီတော်၏ အင်္ဂါထောင့်အရပ်တွင် စွယ်တော်မြတ်တင်သော ဆင်ဖြူခြေရာရှိပါသည်။ ဆင်ဖြူတော်ခြေရာမှာ နှစ်ပေါင်း(၉၀၀)ကျော်သော်လည်း ယနေ့ထိတိုင် ထင်ထင်ရှားရှား ရှိနေပါသေးသည်။

Generated by CamScanner from intsig.com

ပြက္ခရွှေတောင်တော်

စွယ်တော်ရှင်စေတီပရဝုဏ်အတွင်းရှိ



မြန်မာနိုင်ငံအလယ်ဗဟိုတည့်တည့် အထိမ်းအမှတ် ကျောက်တိုင်

ဒီဇိုင်း သန်းထွန်းငြိမ်း

ပုံနှိပ် တောင်ကြီး

Generated by CamScanner from intsig.com